ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ရက်၊ ကြာသပတေးနေ့၊ (7-7-2005) (၄၆၄၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါဘုရင်မင်းမြတ်မွေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၇

၂၀၀၅ခုနှစ် ဇူလိုင် ၇ရက်၌ကျရောက်သော နီပေါနိုင်ငံဘုရင်မင်းမြတ် မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နီပေါနိုင်ငံဘုရင်မင်းမြတ် ဂျန်နင်ဒရာ ဘီ၊ ဘီခရမ်ရှားဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း International Convention and Exhibition Centre (ICEC) Multifunctional Hall (1)၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယအကြိမ် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဇူလိုင် ၅ရက် နံနက် ၈နာရီ မိနစ် ၅၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ International Convention and Exhibition Centre (ICEC) **သို့ ရောက်ရှိလာကြသည်။**

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား မစတင်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က International Convention and Exhibition Centre (ICEC) ပထမထပ်ရှိ Central Hall ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ကြိုဆိုနှုတ်ဆက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ▷ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ထိန်းသိမ်း ရေးသည်ဒေသ၏ အဓိကအရေးပါမှုဖြစ်၊
- ▷ မဲခေါင်ဒေသသည် ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေအသက်မွေးမှုကို ကူညီပံ့ပိုးပေးသည့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝ၊
- ▷ ခရီးသွားလုပ်ငန်းကဏ္ဍတွင် မဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ မဟာဗျူဟာကို အပြည့်အဝထောက်ခံ၊
- ▷ ဒေသတွင်းကို နိုင်ငံတကာအသိအမှတ်ပြု "တစ်ခုတည်းသော ခရီးစဉ်ဒေသ" အဖြစ် ရည်ရွယ်ခြင်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဒေသ၏ဆွဲဆောင်မှုများ၏ အမြင့်မားဆုံး အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၇-၂၀၀၅
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မြဲ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အလေးထားကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၄ရက်နေ့က ကူမင်းမြို့၌ ကျင်းပရာ ယင်းဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် သက်ဆိုင်ရာ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်းက အဆိုပါ ဆွေးနွေးပွဲတွင် မဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ ဒေသတွင်းအစီအစဉ်များ အကောင်အထည်ဖော်ရာ၌ အောင်မြင်မှု၊ ဒေသတွင်း ဆက်သွယ်ရေးကွန်ရက် တည်ထောင်နိုင်ခဲ့မှု၊ ဂျီအမ်အက်စ်အတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ဒေသတွင်း နိုင်ငံအစိုးရများအနေဖြင့် ဒေသတွင်းရှိ ကြွယ်ဝသော သဘာဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရန်ဖန်တီး ဆောင်ရွက်ရေး၊ ရည်မှန်းချက်များအောင်မြင်စေရန် လက်တွဲဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ခရီးစဉ်အတွင်း ဇူလိုင်လ ၄ ရက်နေ့က ကူမင်းမြို့ရှိ ဧည့်ရိပ်သာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်မစ္စတာ ဝမ်ကြားပေါင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မြန်မာ–တရုတ်နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက **"နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကိစ္စများ ပေါ်လာတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ်ရပ်တည်ပေးသည့်အတွက်လည်း အမြဲတမ်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတည်ဆောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ပေးမှုအပေါ် ကျေးဇူးတင်ပါကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က **"တရုတ်နိုင်ငံအစိုးရသည် တရုတ်–မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ တရုတ်နိုင်ငံရှိ အင်အားကောင်းသောကုမ္ပဏီများ၊ လုပ်ငန်းများကို မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မိမိအနေဖြင့် အမြဲတိုက်တွန်းလျက်ရှိပါကြောင်း"** ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

မြန်မာ–တရုတ်နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့အကြား စီးပွားရေးနှင့် သိပ္ပံပညာနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲကို ဆွေးနွေးပွဲခန်းမရှေ့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ သွားရောက်၍ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်သည် တိုးတက်ကောင်းမွန်နေသော မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ခိုင်မြဲစေပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိုလည်း ပိုမိုအလေးထားကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ရုရှားနှင့်တရုတ် ကုန်သွယ်ရေး လျင်မြန်စွာတိုးတက် ကုန်သွယ်ရေးပမာဏရော အရည်အသွေးပါ မြင့်တက်

ပေကျင်း ဇူလိုင် ၅

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ကုန်သွယ်ရေးပမာဏသည် လွန်ခဲ့သော ငါးလအတွင်းက အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ မြင့်တက်လာခဲ့ရာ ယခင်နှစ် အလားတူ အချိန်ကထက် ၂၉ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း တရုတ်ကုန်သွယ်ရေးဌာနမှလာသော သတင်းများအရ သိရသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးလျင်မြန်စွာ တိုးတက်လာခြင်းသည် တရုတ်–ရုရှား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးတိုးတက်လာခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်ဟု တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ထိုနှစ်နိုင်ငံ ကုန်သွယ်ရေး အခြေအနေကို ၁၉၉၉ ခုနှစ်မှစ၍ ယခုနှစ်အထိ တွက်စစ်လျှင် တစ်နှစ်လျှင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရသည်။ နှစ်နိုင်ငံကုန်သွယ်ရေးမှာ ၂၀၀၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂၃ ဘီလီယံဖြင့် စံချိန်တင် ရလောက်အောင်မြင့်မားသော အခြေအနေသို့ ရောက်ရှိခဲ့သည်။

ကုန်သွယ်ရေးပမာဏသာ မကဘဲ ကုန်သွယ်မှုအရည်အသွေးပါ မြင့်တက်လာခဲ့သည်။ တရုတ်မှ စက်မှုနှင့် အီလက်ထရွန်းနစ်ပို့ကုန်ပမာဏသည် နှစ်စဉ်မှန်မှန် မြင့်တက်ခဲ့သည်ဟု ဆိုသည်။ တရုတ်နိုင်ငံမှ ၂၀၀၄ ခုနှစ်တွင် ရုရှားနိုင်ငံသို့ တင်ပို့သောကုန်စည်များအနက် စက်ပစ္စည်းနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ၏ ပါဝင်မှုအချိုးအစားမှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိသည်။ ယခုနှစ် ပထမငါးလ တင်ပို့ကုန်များတွင် အဆိုပါပစ္စည်း နှစ်မျိုး၏ ပါဝင်မှု အချိုးအစားမှာ ဆက်လက်မြင့်တက်လာခဲ့ပြီး ၂၅ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိလာကြောင်း တွေ့ရသည်။

တရုတ်နှင့် ရုရှား နှစ်နိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအမံအများအပြား ဆောင်ရွက်လျက်ရှိကြသည့်အပြင်အချို့ကိစ္စများမှာ အကောင်အထည်ဖော်ရန် ဆွေးနွေးနေဆဲအခြေအနေတွင်ရှိသည်။ မကြာသေးမီအချိန်အတွင်းက ဟာဘင်မြို့ ကုန်သွယ်ရေးပြပွဲ ပြီးစီးသွားပြီဖြစ်သည်။ ထိုပြပွဲအတွင်း တရုတ်–ရုရှားနှစ်နိုင်ငံတို့သည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၉၄၀ ဖိုးရှိ စာချုပ်ပေါင်း ၁၉ ခု ချုပ်ဆိုနိုင်ခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ရေရှည်ဆောင်ရွက်သွားနိုင်စေရန် အခြေခံလမ်းကြောင်းကို ၂၀၀၄ ခုနှစ်က ချမှတ်ပေးခဲ့ကြပြီးဖြစ်သည်။ တရုတ်–ရုရှား နှစ်နိုင်ငံ ကုန်သွယ်ရေးသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ မှ ၈၀ အထိမြင့်တက်လာမည်ဟု ခန့်မှန်းထားပြီး တရုတ်နိုင်ငံက ရုရှားနိုင်ငံတွင် ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာလည်း ၂၀၂၀ ပြည့်နှစ် အရောက်တွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရှိလာမည်ဟုဆိုသည်။

ထိုနှစ်နိုင်ငံ၏ ကုန်သွယ်ရေးသည် တိုးတက်မှုများရှိနေသည်မှန်သော်လည်း အချို့သောကိစ္စများတွင် ဖြေရှင်းစရာ နယ်ပယ်များလည်း ရှိနေသေးကြောင်း ကုန်သွယ်ရေးဌာနက မှတ်ချက်ပြုသည်။ ကုန်သွယ်ရေးရာ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရေးတွင် ကုန်သွယ်ကြရာ၌ မကြာခဏပေါ်ပေါက်လာတတ်သော အဆင်မပြေသည့် ပတ်ဝန်းကျင်အခြေအနေများရှိနေခြင်း၊ ကုန်သွယ်မှုပစ္စည်းအမျိုးအမည်စုံလင်မှု အပိုင်းတွင် အားနည်းနေခြင်း စသည့် ကိစ္စများသည် အခက်အခဲ ရှိနေသော နယ်ပယ်များဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်စစ်ပွဲအတွင်းအမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်နောက်ဆုံးစာရင်း

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသော ၂၀၀၃ခုနှစ် မတ်လမှ ယနေ့ ၂၀၀၅ခု ဇူလိုင် ၅ရက်အထိကာလအတွင်း အီရတ်စစ်မြေ၌သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းသည် အနည်းဆုံး ၁၇၄၈ ဦးရှိကြောင်း အေပီသတင်းဌာနမှလာသော သတင်းများကဖော်ပြသည်။

အထက်ဖော်ပြပါ သေဆုံးစာရင်းတွင် စစ်ဘက်တာဝန်များကို လုပ်ကိုင်နေရသောအရပ်သားငါးဦး၏ စာရင်းလည်း ပါဝင်သည်။ သေဆုံးသူ အမေရိကန်တပ်ဖွဲ့များအနက် ၁၃၄၆ဦးမှာ တိုက်ခိုက်ခံရသည့်အတွက် အသက်ဆုံးရှုံးရသူများဖြစ်ကြောင်း သိရသည်။ အေပီသတင်းဌာနကထုတ်ပြန်သော သေဆုံးစာရင်းတွင် ပါရှိသည့် အရေအတွက်သည် အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် သေဆုံးစာရင်းထက် ငါးဦး ပိုမိုများပြားနေသည်ဟုဆိုသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

အိန္ဒိယအနောက်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား ဒေသခံပြည်သူများကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်း

နယူးဒေလီ ဇူလိုင် ၅

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခြင်းကြောင့် သောကြာနေ့အထိ ၉၄ ဦးသေဆုံးခဲ့ရကြောင်း၊ ဒေသခံပြည်သူ ၂၀၀၀၀၀ ခန့်ကို ရေဘေးလွတ်ရာ ဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း အင်ဒို–အေးရှားသတင်းဌာနက စနေနေ့တွင်သတင်းထုတ်ပြန်သည်။

ဂူဂျာရတ်ပြည်နယ်ရှိဗာဒိုဒါရာ၊ ခါဒါ နှင့်အာနန်းခရိုင်တို့သည် ရေဘေးဒဏ် ကို အဆိုးရွားဆုံး တွေ့ကြုံကြရသောဒေသများဖြစ်ကြပြီးမိုးရေချိန် ၁၅ လက်မအထိ ရွာသွန်းခဲ့ကြောင်းအိန္ဒိယဘဏ္ဍာ ရေးဝန်ကြီးကူရှစ်ပါတယ်လ်ကဂန္ဒီနာဂါးမြို့သို့ ရောက်ရှိစဉ် ပြောကြားသည်။

ယခုအချိန်အထိ ရေလွှမ်းမိုးမှုများ ကြောင့် ၉၄ ဦး သေဆုံးခဲ့ရကြောင်း၊ ဂူဂျာရတ်ပြည်နယ် အလယ်ပိုင်းရှိခရိုင်သုံးခရိုင်နှင့် ပြည်နယ်တောင်ပိုင်း ခရိုင်တို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်နေကြောင်း၊ မြေနိမ့်ဒေသများတွင် နေထိုင်သူများကို ရွှေ့ပြောင်းပေးနိုင်ရန် တပ်မတော်သားများက လုပ်အားပေးလျက် ရှိကြောင်း ၎င်းက ပြောကြားသည်။

ဂူဂျာရတ်ပြည်နယ်ရှိ မြို့ကြီးတစ်မြို့ ဖြစ်သော အာမီဒါဘတ်မြို့နှင့် အိန္ဒိယ နိုင်ငံ၏ စီးပွားရေးအချက်အချာမြို့ကြီးဖြစ်သော မွမ်ဘိုင်းမြို့တို့ကို ဆက်သွယ်သော အဝေးပြေးလမ်းမကြီး အမှတ်(၈) အပြင် ပြည်နယ်အတွင်းရှိ လမ်းများမှာ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးရကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ချိရေးလုပ်ငန်း များမှာလည်း ထိခိုက်ခဲ့ရပြီး၊ ကျေးရွာ ၄၅၀၀ မှာ လျှပ်စစ်ဓာတ်အား မရရှိကြောင်း ၎င်းက ပြောကြားသည်။

ဂူဂျာရတ်ပြည်နယ် အလယ်ပိုင်း ဗာဒိုဒါရာမြို့၏ အနီးတစ်ဝိုက်ဒေသများတွင် သုံးမီတာအနက်ရှိ ရေထုဖြစ်ပေါ်နေကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် နို့နှင့် ဟင်းသီးဟင်းရွက် ပို့ဆောင်သည့် လုပ်ငန်းများ ထိခိုက်ရကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၇–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။	မျိုးချစ်တပ်မတော်
၅:၀၅	၉။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – °Perception. (ပထမနှစ်–စိတ်ပညာ)**
၅:၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။	**ကာတွန်းအစီအစဉ် "ရောင်လင်လှုစွမ်းကောင်းလေး" (အပိုင်း–၁၁)**
၆:၅၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။	**ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမွှာနဲ့ကြမ္မာ" (အပိုင်း–၃၉)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	မြဝတီရဲ့မြဝတီ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း " ချစ်သူ သူရဲကောင်း" (အပိုင်း–၂၅)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုသာမက စီးပွားရေးဆက်ဆံမှုလည်းတိုးတက်

ယူနန်-မြန်မာ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးပြောင်းလဲရန်အချိန်သင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

မြန်မာလုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုဆို

ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်ရေးကျယ်ပြန့်စွာတိုးတက်

ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်သည် ဇူလိုင် ၃ရက် ညနေ ၆နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo Garden Hotel **သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။**

ထိုသို့ ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ် ဦးဟောက်ဒိုဆွမ်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်နှင့်အတူ ယူနန်ပြည်နယ်ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလီဟမ်းဘိုင်နှင့် ယူနန်ပြည်နယ်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ ဂါရဝပြုတွေ့ဆုံရာတွင် ရှေးဦးစွာ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင်က ရှင်းလင်းတင်ပြရာတွင် ဝန်ကြီးချုပ်အမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့်အတွက် ယူနန်ပြည်နယ်အစိုးရကိုယ်စား ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ ထိပ်သီးအစည်းအဝေးအောင်မြင်စေရန်လည်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်တို့၏ လမ်းညွှန်မှုအောက်တွင် ပိုမိုတိုးတက်ခိုင်မြဲလာပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံသည် နယ်နိမိတ်ကီလိုမီတာ၂၀၀၀ ကျော်ဆက်စပ်ရုံသာမက မဲခေါင်မြစ်နှင့်ပါ ဆက်စပ်လျက်ရှိပါကြောင်း၊ ယူနန်ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ ဆက်ဆံရေး တိုးတက်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှပါဝင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

အပြည့်အဝထောက်ခံ

၂၀၀၅ခုနှစ် မေလက မိမိသည် မြန်မာနိုင်ငံနှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိသော ပြည်နယ်ခွဲခြောက်ခုတို့မှ အုပ်ချုပ်ရေးမှူးများပါဝင်သည့် ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ မြန်မာနိုင်ငံသို့လာရောက်ခဲ့ပါကြောင်း၊ လာရောက်ရသည့်ရည်ရွယ်ချက်မှာ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရေးကို တိုးတက်စေရန်နှင့် မြန်မာနိုင်ငံအား အပြည့်အဝထောက်ခံပါကြောင်းကို ဖော်ပြရန်ဖြစ်ပါကြောင်း။

အဆွေတော်ဝန်ကြီးချုပ်ကိုယ်တိုင် ယခုကဲ့သို့ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့တက်ရောက်သဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို တိုးတက်စေရုံသာမက ယူနန်-မြန်မာ ချစ်ကြည်ရေးကိုလည်း ပိုမိုဖြစ်ထွန်းစေပါကြောင်း။

ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေးပမာဏသည် တရုတ်-မြန်မာ ကုန်သွယ်ရေး စုစုပေါင်း၏ ၅၀ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မိမိတို့ ယူနန်ပြည်နယ်အစိုးရသည် ယူနန်ပြည်နယ်လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံရန်အားပေးပါကြောင်း၊ မြန်မာလုပ်ငန်းရှင်များကိုလည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုဆိုပါကြောင်း၊ မိမိ၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံ၍ ယူနန်-မြန်မာ စီးပွားရေးတိုးတက်ရန် ဆွေးနွေးခဲ့ပါကြောင်း။

ကုန်သွယ်ရေးတိုးတက်

ယခုအခါ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်ရေးမှာ ကျယ်ပြန့်စွာတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ၂၀၀၄ခုနှစ်တွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရှိခဲ့ပါကြောင်း၊ နောင်လာမည့် သုံးနှစ်မှငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံသို့ ရောက်ရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှီယုံခိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Expo Garden Hotel သို့ လာရောက်၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယူနန်ပြည်နယ်၏ စီးပွားရေးကုန်သွယ်မှုမှာလည်း တိုးတက်လျက်ရှိပြီး ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်းတိုးတက်လာပါကြောင်း၊ ယူနန်ပြည်နယ်၏ နယ်စပ်ကုန်သွယ်ရေးများတွင် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးသည် အများစုဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ပြောင်းရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

မိမိသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်ရောက်ခဲ့ဖူးပါကြောင်း၊ ပထမအကြိမ်မှာ ၂၀၀၁ခုနှစ် ဒီဇင်ဘာလကဖြစ်ပြီး ဒုတိယအကြိမ်မှာ ၂၀၀၅ခုနှစ် မေလကဖြစ်ပါကြောင်း၊ လေးနှစ်မပြည့်သောအချိန်အတွင်း မြန်မာနိုင်ငံသည် လွန်စွာမှ သိသိသာသာ ပြောင်းလဲတိုးတက်နေပါကြောင်းနှင့် ရှေ့ဆက်၍လည်း စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နွေးထွေးစွာကြိုဆို

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ယခုကဲ့သို့ တစ်နှစ်ပတ်လုံး နွေဦးရာသီရှိပြီး သာယာလှပသော အဆွေတော်တို့၏ ကူမင်းမြို့သို့ အလည်အပတ် လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မိမိနှင့်အတူအဖွဲ့ဝင်များအား ယူနန်ပြည်နယ်ခေါင်းဆောင်များက နွေးထွေးစွာကြိုဆိုပြီး လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်မှုများအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း။

အဆွေတော်နှင့်တကွ ယူနန်ပြည်နယ်မှ တာဝန်ရှိသူများနှင့် ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့သည်လည်း အဆွေတော်တို့၏ ယူနန်ပြည်နယ်နှင့် ကူမင်းမြို့တို့ကို အလည်အပတ်ရောက်ရှိခဲ့ကြဖူးပြီး ယူနန်ပြည်နယ်၏ သာယာလှပမှုကို အမြဲတမ်းပြောပြလေ့ရှိကြပါကြောင်း။

ချစ်ကြည်ရင်းနှီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့သည် ရှေးပဝေသဏီကာလကတည်းက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သည့် အစဉ်အလာများ ရှိပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် ခင်မင်မှုကိုပိုမိုခိုင်မာ တိုးတက်စေခဲ့ပါကြောင်း။

မကြာသေးမီက အဆွေတော် ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ချိန်တွင် ခင်မင်ရင်းနှီးသော မိတ်ဆွေလာရောက်လည်ပတ်ခြင်းအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်တိုင် အဆွေတော်အား လက်ခံတွေ့ဆုံခဲ့ပါကြောင်း၊ အဆွေတော်ပြောကြားသကဲ့သို့ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့သည် ရှည်လျားသော နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး နှစ်ဖက်ပြည်သူများအကြားတွင်လည်း ရင်းနှီးခင်မင်မှုရှိပါကြောင်း။

လူနေမှုဘဝဖွံ့ဖြိုး

ယူနန်ပြည်နယ်သည် တိုင်းရင်းသားလူမျိုးများစွာနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးများစွာရှိပြီး တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများက မဲခေါင်ဒေသအတွင်း လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူ စာချုပ်၏နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ် လေးခု၊ မဟာမဲခေါင် ဒေသအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာလွှာ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ လျှပ်စစ် ဓာတ်အား၊ ကုန်သွယ်မှုသဘောတူစာချုပ်၊ ပူးပေါင်းဆောင်ရွက်ရေး လုပ်ထုံး လုပ်နည်းနှင့် လမ်းညွှန်ချက်များဆိုင်ရာ နားလည်မှုစာလွှာတို့ကို လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် မဟာမဲခေါင် ဒေသတွင်းနိုင်ငံ (၆)နိုင်ငံအစိုးရတို့အကြား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇူလိုင် ၅ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်း အဝေးအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရတို့ကိုယ်စား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ International Convention and Exhibition Centre **ရှိ** 6 th Exhibition Area **၌ ကျင်းပသည်။**

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲ များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယား နိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ် လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာဟာရူဟီကို ကူရိုဒါ၊ မဟာ မဲခေါင်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ သံအမတ် ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရကိုယ်စား အမျိုးသား စီမံ ကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများက မဲခေါင်ဒေသအတွင်း လူနှင့် ကုန်စည်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင် သဘောတူစာချုပ်၏ နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ် လေးခု၊ မဟာမဲခေါင် ဒေသအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းသိမ်း ကာကွယ်ခြင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာလွှာ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ လျှပ်စစ် ဓာတ်အား၊ ကုန်သွယ်မှု သဘောတူ စာချုပ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက် များဆိုင်ရာ နားလည်မှုစာလွှာတို့ကို လက်မှတ်ရေးထိုးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

☆ **စာမျက်နှာ ၃မှ**

လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကို ထူထောင်ပေးလျက် ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းစသည့် စီမံကိန်းကြီး သုံးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားများ၏ လူနေမှုဘဝသည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား နှစ်ဖက်ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုသာမက စီးပွားရေးဆက်ဆံမှုများလည်း တိုးတက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

နယ်စပ်ကုန်သွယ်ရေးတိုးတက်

အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးသည် ထူးခြားစွာ တိုးတက်လျက်ရှိပါ ကြောင်း၊ အသိသာဆုံးမှာ မူဆယ်-ရွှေလီ နယ်စပ်ကုန်သွယ်ရေးဖြစ်ကြောင်း၊ ၁၉၉၇ခုနှစ်က ညှိနှိုင်းသဘောတူစာချုပ် ချုပ်ဆိုချက်အရ နယ်စပ်ကုန်သွယ်ရေးကို ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းရန် သဘောတူညီခဲ့ကြကြောင်း။

ယခုအခါ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ ကြီးမားလာပြီဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တောင်အာရှ နိုင်ငံများသို့ ကုန်သွယ်ရေးတိုးချဲ့ရန် အစီအစဉ်များရှိနေသည်ကိုလည်း သိရှိ ရကြောင်း။

အလားအလာကောင်းမွန်

ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးကုန်သွယ်ရေးမှာလည်း တိုးတက်မည့် အလားအလာ အလွန်ကောင်းမွန်နေပြီဖြစ်၍ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ပြောင်းလဲရန် အချိန်သင့်ပြီဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မူဆယ်-ရွှေလီနယ်စပ် ဖြတ်ကျော်၍ စနစ်ကျသည့် ပုံမှန်ကုန်သွယ်ရေးကို ကူးပြောင်းခြင်းဖြင့် ကုန်သွယ်မှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခုလည်း ယူနန်ပြည်နယ်မှ ကုန်သည်ကြီးများနှင့် မြန်မာနိုင်ငံမှကုန်သည်ကြီးများ တိုက်ရိုက် ဆွေးနွေးနေကြပြီဖြစ်ကြောင်း။

ရေထွက်ပစ္စည်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၅၅သန်း ရောင်းချရန်သဘောတူညီထားပြီးဖြစ်ကြောင်း၊ စနစ်ကျသော ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းနိုင်ခြင်းဖြင့် ကုန်သွယ်မှုတိုးတက်လာမည်ဖြစ်ကြောင်း။

အကျိုးတူပူးပေါင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေး လုပ်ဆောင် နေသည်မှာ အရှိန်အဟုန်ရရှိနေပြီဖြစ်ရာ မိမိတို့လည်းလိုက်ပါလုပ်ဆောင် အကောင် အထည်ဖော်လျက်ရှိကြောင်း၊ ယူနန်ပြည်နယ်ရှိ ပုဂ္ဂလိကကုန်သည်ကြီးများနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည် ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ယူနန် ပြည်နယ်မှ လုပ်ငန်းရှင်ကြီးများကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီး မြှုပ်နှံရန် အစဉ်ကြိုဆိုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်၍ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ စီစဉ်ပေးနိုင်မည်ဖြစ်ပါ ကြောင်း၊ ယူနန်ပြည်နယ်မှ ကုန်သည်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း ပိုင်းမှ ကုန်သည်များသည် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် တိုက်ရိုက်ဆက်သွယ် ကူးသန်းရောင်းဝယ်မှုပြုကြစေလိုကြောင်း၊ သို့မှသာ ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြီး စနစ်တကျလည်းဖြစ်သွားမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ နှစ်နိုင်ငံကုန်သွယ်ရေး စနစ်တကျဖြစ်စေရေးအတွက်လည်း နိုင်ငံတကာ ကုန်သွယ်မှုနည်းလမ်းများကို လိုက်နာသွားကြရန် အတူတကွကြိုးစား သွားကြမည်ဖြစ်ကြောင်း။

အဆွေတော် ပြည်နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် မိမိအား ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တည်း ယူနန်ပြည်နယ်ကို ချစ်ကြည်ရေးခရီးအလည်အပတ် လာရောက်ရန် ဖိတ်မန္တက ပြုသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။။

ဂါရဝပြု တွေ့ဆုံပွဲအပြီးတွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ် ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ကူမင်းမြို့ရှိ Expo Garden Hotel ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေး စူပါဟိုင်းဝေးကွန်ရက်စီမံဆောင်ရွက်မှုနှင့် တည်ဆောက်မှုဆိုင်ရာ နားလည်မှုစာလွှာတို့ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဟီစိမ်းလည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်အား ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်အား ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၄ မှ

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေး စူပါဟိုင်းဝေး ကွန်ရက် စီမံဆောင်ရွက်မှုနှင့် တည်ဆောက်မှုဆိုင်ရာ နားလည်မှုစာလွှာတို့ကို လက်မှတ်ရေးထိုးကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ မင်းလှရေလျှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၅ ၉။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ကင်းကောင်၊စိုးမြတ်နန္ဒာ၊လှအဥ္စလီတင့်၊ကြည်လဲ့လဲ့ဦး၊ဝွမ်းပုံ)**
- ၆:၀၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"(အပိုင်း–၄၅)**
- ၇:၃၅ ၁၅။ ထင်ရှားစွမ်းရည် အမျိုးသမီးဂုဏ်ရည်
- ၇:၄၅ ၁၆။ မြန်မာ့ရိုးရာခြင်းလုံးအားကစား
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ"(အပိုင်း–၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ပန်းတနော်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

ပန်းတနော်မြို့နယ် အသင်းသားများစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်တည်ရှိရာ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီးရှိ အမှတ် (၁၇၃/၁၇၅) ၌ ဇူလိုင် ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ အိမ်တော်ရာ မြောင်းမြကျောင်းတိုက် ဆရာတော် ဦးကဝိအားအမှူးထား၍ ကျင်းပမည်ဖြစ်ရာ အသင်းသားများကြွရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း–၅၈၀၈၉၉၊ အသင်း ဒု–ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း–၃၇၈၇၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းသားများ ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့)တွင် ပန်းတနော်မြို့ရှိ စာသင်တိုက်များသို့ ဝါဆိုသင်္ကန်းများသွားရောက်ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ (က–ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် တရားစခန်းကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက ဇူလိုင် ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် (၂၉) ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်သည်။ ဇူလိုင် ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ပင့်သံဃာ ၃၅ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ (က–ပ)

ဆရာဝန်အသင်း ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)က ကြီးမှူး၍ Viruses of Importance in the New Millennium နှင့် ပတ်သက်၍ ဟောပြောပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (အေ)၌ ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)နှင့် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာနတို့၌ ရုံးချိန်အတွင်းမှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။(သတင်းစဉ်)

မေတ္တာဂဟေ ဒို့မြန်ပြည်

* အာရှတိုက်မှာ၊ မဟာမဲခေါင်
အရှေ့တောင်အာရှ၊ တောင်အာရှဟု
ဒေသပထဝီ၊ ဖြစ်တည်နေမှု
အကြောင်းပြု၍၊ သုံးခုအင်အား
ဖွဲ့စည်းများသည်၊ ထွန်းကားပေါ်ပေါက်
ဝမ်းမြောက်ဖွယ်ရာ၊ တွေ့ရပါ၏။

* ပထဝီအရ၊ မြန်မာ့နေရာ
ဒေသာသုံးခု၊ တွဲယှဉ်ပြုကာ
ရှိနေတာမို့၊ မြန်မာပြည်သည်
သုံးလီအင်အား၊ ဖွဲ့စည်းများ၏
သင်းသားအစစ်၊ အမှန်ဖြစ်၏။

* သုံးလီအင်အား၊ ကြီးထွားစေရန်
ပြန်လှန်ကျိုးပြု၊ ဆက်ဆံမှုမှာ
ဒို့မြန်မာသည်၊ မေတ္တာဂဟေ
ဖြစ်၍နေသို့၊ မိတ်ဆွေပေါင်းသင်း
ရောင်းရင်းအများ၊ ဝိုင်းရံထားသည့်
ဒို့များနေရာ၊ ပြည်မြန်မာလည်း
ဘယာကင်းစင်၊ ပြီးပျော်ရွှင်လျက်
အင်အားပြည့်ဖြိုး၊ ဖွံ့ဖြိုးဝေစည်
ခံ့ထည်ပုံစံ၊ မြန်မာဟန်ဖြင့်
အမှန်တည်ဆောက်နိုင်မည် ဖြစ်သတည်း။ ။

ပျို့လွှား

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၅ (ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တေးဂီတအစီအစဉ်
- ၇:၁၀ အခြေခံဘော်လီဘောကစားနည်းနည်းစနစ်များ အပိုင်း(၁)
- ၇:၂၅ တေးဂီတအစီအစဉ်
- ၇:၃၀ အခြေခံပန်းချီမိတ်ဆက် အပိုင်း(၁)
- ၇:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၀၀ တေးဂီတအစီအစဉ်
- ၈:၀၅ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
- ၈:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ အကယ်ဒမီခင်ယုမေ (အပိုင်း–၄)
- ၈:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၀ သတ္တုတွင်းဦးစီးဌာန (၁)
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၂၅ UEFA Stories Euro 1996
- ၉:၄၅ မိုးလေဝသခန့်မှန်းချက်
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ ပိုက်ဆက်အတတ်ပညာ အပိုင်း(၂)
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ မြန်မာ့သစ်လုပ်ငန်း အမှတ်(၃) ပရိဘောဂစက်ရုံ
- ၁၀:၂၀ လက်ဆင့်ကမ်းဝေ ဂီတအမွေ (ဒုံမင်း)
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ချက်
- ၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမဌကျင်းပရာ သဘာပတိ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်

✧ **မြန်မာနိုင်ငံမှ**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မွန်ပြည်နယ်ဒေသစည်းရုံးရေးမှူး ပါမောက္ခ ဒေါက်တာမိခင်ဆွေသောင်းနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာကြည်ကြည်အောင်၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မုဒုံ၊ ကျိုက်မရော၊ ပေါင်၊ သံဖြူဇရပ်၊ ချောင်းဆုံ၊ ရေး၊ဘီးလင်း၊ ကျိုက်ထို၊ သထုံနှင့် မော်လမြိုင် ၁၀ မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးအားကစားအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ထူးချွန်ဆုရရှိသူများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်ပညာရေးကောလိပ်မှ ကျောင်းသူများ၊ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ဝင် ကျောင်းသူများ စုစုပေါင်းအင်အား ၁၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီတာမော်၊ အမျိုးသမီးများအား လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါ်ခင်သန်းနွယ်၊ ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာတင်တင်လှိုင်နှင့် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ရီရီစိန်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နေခြည်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်အေးမြသီတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာအမျိုးသမီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ မော်လမြိုင်ပညာရေးကောလိပ်မှ ကျောင်းသူလေးများက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သော **"မြန်မာအမျိုးသမီးများ စွမ်းပကား"**သီချင်းကို သံပြိုင်သီဆို ဂုဏ်ပြုကြသည်။

ယင်းနောက် သဘာပတိ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် ဗြိတိသျှနယ်ချဲ့တို့ကို ဒူးမထောက် လက်မမြှောက်ဘဲ ရဲရဲနီသည့်သွေးဖြင့် သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြကြောင်း၊ ဝက်ထီးကန်တိုက်ပွဲတွင် တိုင်းရင်းသူအမျိုးသမီးများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တိုက်ပွဲဝင်ခဲ့သည်မှာ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းစဉ်၌ မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့ကြောင်း။

နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတစ်လျှောက်၌ မြန်မာအမျိုးသမီးများသည် နယ်ချဲ့သမားများ၏ ခြိမ်းခြောက်မှုကိုမကြောက်၊ အမျိုးဘာသာ၊ သာသနာအတွက် ပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့အပြင် မြန်မာကုမ္မာရီ အမျိုးသမီးအသင်း၊ အမျိုးသမီးတပ်ဖွဲ့၊ ပြည်သူ့ရဲမေများအဖွဲ့၊ နေရှင်နယ်ကောင်စီအမျိုးသမီးများအဖွဲ့ စသည့်အဖွဲ့အစည်းများဖွဲ့စည်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အသက်ကိုပဓာနမထားဘဲ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြကြောင်း။

ယခုမျက်မှောက်ခေတ်ကာလတွင်လည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ အမျိုးသမီးဆရာဝန်များအဖွဲ့၊မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း စသည်များ ဖွဲ့စည်းပြီး တက်တက်ကြွကြွဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်နေကြကြောင်း၊ အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသည်တို့တွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်နိုင်ရေး၊ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို နိုင်ငံတော်အတွက် အားထားရမည့် အမျိုးသားရေးအင်အားစုအဖြစ် ပီပြင်စွာဖြစ်ထွန်းလာရေးတို့အတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်မှန်းချက်၊ ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများ၏ နိုင်ငံနှင့်လူမျိုးအတွက် စွမ်းဆောင်ရည်မြင့်မားမှုကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ခုနှစ်မှစပြီး နှစ်စဉ် ဇူလိုင်လ(၃)ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟု နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ကြောင်း။

ထို့ကြောင့် ဇူလိုင်လ(၃)ရက်နေ့သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အမျိုးသမီးတစ်ဦးတစ်ယောက်ကို ရှေ့တန်းတင်ပြီး သတ်မှတ်ထားသည့်နေ့တစ်နေ့ မဟုတ်ကြောင်း၊ မြန်မာအမျိုးသမီးထု တစ်ရပ်လုံးကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် သတ်မှတ်ထားသည့် နေ့ထူးနေ့မြတ်ဖြစ်သည်ဆိုသည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာနိုင်ငံလူဦးရေ၏ ၅၀ ဒသမ ၃ရာခိုင်နှုန်းရှိသည့် အမျိုးသမီးထု ၂၇သန်းကို ကိုယ်စားပြုဆောင်ရွက်နေသည့် လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်၊ တိုင်းအသီးသီး၌ အမျိုးသမီးရေးရာအဖွဲ့ပေါင်း ၁၇ဖွဲ့ကို ဖွဲ့စည်းပြီး ၎င်းအဖွဲ့များအောက်၌ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ခွဲဖွဲ့စည်းပြီး အမျိုးသမီးရေးရာအကျိုးစီးပွားများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ယခုအချိန်တွင် အမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် အဖွဲ့ချုပ်ကြီး၏လုပ်ငန်းအပေါ်၌ သက်ဝင်ယုံကြည်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လာသည့်အတွက် ယခုအခါ အဖွဲ့ဝင်ပေါင်း ၁ ဒသမ ၃သန်းအထိ ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာနိုင်ငံရှိ မြန်မာအမျိုးသမီးများအတွက် အားထားရာ၊ ယုံကြည်ရာ၊ ခိုကိုးရာနေရာအမှန်ဖြစ်ကြောင်း၊ အဖွဲ့အစည်းအသီးသီး၏ လှုပ်ရှားမှုများက သက်သေပြနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ အမျိုးသမီးရေးရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းအချို့က မြန်မာအမျိုးသမီးများ၏ အကျိုးစီးပွားဆုတ်ယုတ်စေရန်အတွက် ဆန့်ကျင်ဘက်လုပ်ရပ်များကို လုပ်နေသည်ကိုလည်း တွေ့ရမှာဖြစ်ကြောင်း။

၁၉၈၈ခုနှစ်ကာလမတိုင်ခင်တုန်းကဆိုလျှင် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းအမျိုးမျိုး၏ မဟုတ်မမှန်စွပ်စွဲမှုများကို သိပ်မတွေ့ခဲ့ရကြောင်း၊ သို့ရာတွင် ၁၉၉၀ပြည့်နှစ် နောက်ပိုင်းကာလ၌ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းအချို့၊ NGO အဖွဲ့အစည်းအချို့၊ နိုင်ငံတော်အစိုးရအား မလိုလားသည့်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအပေါ် အမြင်မကြည်လင်သည့် အနောက်နိုင်ငံကြီးအချို့၊ နယ်စပ်ဒေသ၌ ခိုကပ်လှုပ်ရှားနေရသည့် အနည်းစုသော သောင်းကျန်းသူအဖွဲ့အချို့၊ ICFTU ခေါ် အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ်တို့က နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း မဟုတ်မမှန်သတင်းများကို အနောက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်နေသည်ကို တွေ့ရကြောင်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ အဓမ္မခိုင်းစေမှု စသည့်ပြဿနာပေါင်းစုံကို လုပ်ကြံဖန်တီး ဇာတ်လမ်းထွင်ပြီး မြန်မာနိုင်ငံ၏ အကျိုးစီးပွားဆုတ်ယုတ်အောင်၊ တွေဝေအောင် အမျိုးမျိုးခြိမ်းခြောက် နှောင့်ယှက်ဖိအားပေးဆောင်ရွက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယင်းသို့ စွပ်စွဲပုတ်ခတ်ဖိအားပေး ဟန့်တားသည့် အကျိုးဆက်များကြောင့် မြန်မာအမျိုးသမီးများဘဝနှင့် ပြည်သူတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် အနောက်နိုင်ငံကြီးအချို့၏ မတော်မတရား စွပ်စွဲပိတ်ပင်တားဆီးဖိအားပေးနေသည့် လုပ်ရပ်များကို ပြည်သူတစ်ရပ်လုံး၏ကိုယ်စား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့ လက်သစ်များနှင့် ၎င်းတို့၏ လက်ပါးစေတစ်စု၏ အဆိုပါလုပ်ရပ်များကို မွန်ပြည်နယ် အမျိုးသမီးများ၏ကိုယ်စား ကန့်ကွက်ရှုတ်ချကြောင်း တင်ပြလိုက်ပါကြောင်း။

မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် လက်ဝေခံအစွယ်အပွားများ၏ သွေးခွဲသပ်လျှိုမှု၊ မတော်မတရား စွပ်စွဲမှုများကို သိမြင်နားလည်သဘောပေါက်ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသွားသည့် **"အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်တွေဟာ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အနှစ်သာရတွေဖြစ်တယ်"**ဆိုသည့်ဩဝါဒစကားကို အလေးအနက်ထားကာ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး ကြိုးပမ်းလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ အမျိုးသမီးများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေးဘဝ၊ လူနေမှုဘဝမြင့်မားစေရန်ရည်ရွယ်ပြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ သံလွင်တံတား(မော်လမြိုင်) အပါအဝင် တံတားကြီးလေးစင်း၊ ဝင်းဖနုံဆည်ကြီးအပါအဝင် ဆည်မြောင်းတာတမံငါးခုကို အချိန်တိုအတွင်း တည်ဆောက်ပေးခဲ့ခြင်းကြောင့် မြန်မာအမျိုးသမီးများနေ့တွင် မိမိအနေဖြင့် မွန်ပြည်နယ်ရှိ အမျိုးသမီးများကိုယ်စားအနေဖြင့်ရော၊ ပြည်သူလူထုကိုယ်စားအနေဖြင့်ပါ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

မြန်မာအမျိုးသမီး အင်အားစုကြီးသည် ပြည်သူတစ်ရပ်လုံးနှင့်အတူ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ မော်ကွန်းတင်အပ်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် သူ့ကျွန်မခံ ဇာတိသွေး၊ ဇာတိမာန်အမွေကို လက်ဆင့်ကမ်း ရယူနိုင်ခဲ့ကြသူများဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံဒုက္ခရောက်အောင်၊ ပြည်သူများဆင်းရဲမွဲတေအောင်၊ အမျိုးသမီးများဘဝ လုံခြုံမှုမရှိအောင် ပြုလုပ်နေသည့် အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချရင်း မိမိတို့ မြန်မာအမျိုးသမီးများ၏ စည်းလုံးညီညွတ်မှု၊ နိုးကြားတက်ကြွမှုအင်အားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်တပ်တစ်အား စွမ်းစွမ်းတမံ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဇင်ဝါအောင်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် ယနေ့ မြန်မာအမျိုးသမီးများနေ့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြလိုကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာအမျိုးသမီးများ၏ အခွင့်အရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များကို ကာကွယ်မြှင့်တင်ပေးရင်း အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု ပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကို အစဉ်တစိုက်ဆောင်ရွက်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း။

လူကုန်ကူးမှုဆိုသည်မှာ အမျိုးသမီးငယ်များအား လူနှင့်ရင်းပြီး ငွေရှာဖွေစေခြင်း၊ ကျေးကျွန်သဖွယ် အဓမ္မလုပ်အားစေခိုင်းခြင်း၊ အခြားနည်းဖြင့် အကျပ်ကိုင်ခြင်း၊ သွေးဆောင်ပြန်ပေးဆွဲခြင်း၊ လိမ်လည်လှည့်ဖြား ခြင်း၊ အာဏာကို အလွဲသုံးစားပြုပြီး အကျိုးအမြတ်အတွက် အခြားသူများကို စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လက်ခံခြင်း၊ လွှဲပြောင်းခြင်းတို့ဖြစ်ကြောင်း၊ ဤဖြစ်ရပ်များသည် ပြည်တွင်း၊ ပြည်ပ နှစ်ရပ်စလုံး၌ ဖြစ်ပေါ်နိုင်သည့် အခြေအနေများပင်ဖြစ်ကြောင်း။

မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဇင်ဝါအောင် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှထိုက်မော် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

လူကုန်ကူးမှုပြဿနာကြောင့် မိမိတို့၏ ငယ်ရွယ်သည့်အမျိုးသမီးများကို လူမှုရေးအရ ထိခိုက်နစ်နာစေရုံသာမက ဘဝကိုပါ ပျက်စီးဆုံးရှုံးစေကြောင်း၊ ထို့ကြောင့် လူကုန်ကူးမှုပြဿနာသည် ယခုခေတ်တွင် အဆိုးရွားဆုံးသော လူ့အခွင့်အရေးဆုံးရှုံးမှုဖြစ်သည်ဟု မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက ခံယူထားကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ်ကတည်းကစပြီး ဤပြဿနာကို အရှိန်အဟုန်မြှင့်ပြီးတိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း၊ မြန်မာလူမျိုးတို့ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးအနွယ် စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေသည့်အတွက် ဤပြဿနာတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး မူဝါဒများချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုလုပ်ငန်းများကို လျစ်လျူရှုမျက်ကွယ်ပြုထားခြင်းမရှိသကဲ့သို့ ဆိုးရွားသည့် ရာဇဝတ်မှုကျူးလွန်သူများကိုလည်း တိုက်ဖျက်ချေမှုန်းရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့အောက်၌ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်ကလည်း လူကုန်ကူးမှုကို တိုက်ဖျက်သည့်အနေဖြင့် လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း တက်ကြွစွာလုပ်ဆောင်နေကြောင်း။

ပြည်နယ်၊ တိုင်းမှသည် မြို့နယ်၊ရပ်ကွက်၊ကျေးရွာအဆင့်အထိ ကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းလျက် အခြားလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး လူမှောင်ခိုပို့ဆောင်သူနှင့် လူကုန်ကူးသူပွဲစားများကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

၎င်းအပြင် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ခဲ့ပြီး ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရသဖြင့် အမိနိုင်ငံသို့ ပြန်လာသောအမျိုးသမီးများကို ကြိုဆိုလက်ခံရေးစခန်းများ၌ သွားရောက်တွေ့ဆုံ၍ မိမိတို့အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုအပ်သည့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

➪ **စာမျက်နှာ ၆ မှ**

ကူညီပံ့ပိုးမှုများပေးကာ ၎င်းတို့ဘဝကို ကယ်တင်ပြီး လမ်းကြောင်းမှန်ပေါ် ရောက်အောင် ပို့ဆောင်ပေးခဲ့ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၂ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း အမှုပေါင်း ၄၇၄မှုကို စစ်ဆေးခဲ့ကြောင်း၊ ဤအမှုများမှ ၅၁၉ဦးကို ဥပဒေနှင့်အညီ အရေးယူပြီး ၂၆၂၉ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လူကုန်ကူးမှုနှင့်ပတ်သက်သည့်အန္တရာယ်များကို မြန်မာအမျိုးသမီးများ သိရှိစေရန် အတွက် ခုနစ်သိန်းနှစ်သောင်းကျော်ကို ပညာပေးနိုင်ခဲ့ပြီး ၁၇၂၈၀ဦးကို မိဘနေရပ်ထံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

မိမိတို့ မွန်ပြည်နယ်အတွင်းတွင် လူကုန်ကူးမှုခံရသည့် အမျိုးသမီး ၁၀၈ဦးရှိပြီး အချိန်မီတားဆီးနိုင်ခဲ့၍ မိဘရပ်ထံပြန်လည်အပ်နှံနိုင်သည့်ဦးရေမှာ ၂၅၂ဦးရှိကြောင်း။

မွန်ပြည်နယ်၌ လူကုန်ကူးမှုခံရသည့် အကြောင်းရင်းများကို ကြည့်လျှင် ဘဝတက် လမ်းရှာဖွေလိုသည့် အမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများဖြင့်ဖြားယောင်းသွေးဆောင်သည့် နည်းလမ်းလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့အပြင် အနောက်အင်အားကြီးနိုင်ငံအချို့၏ စီးပွားရေးပိတ်ဆို့မှုကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အမျိုးသမီးများကို လူကုန်ကူးသူများက သွေးဆောင်စည်းရုံးအသုံးချခဲ့သည့်အတွက် လူကုန်ကူးမှု သားကောင်ဘဝ ရောက်ခဲ့ရသည်များလည်းရှိကြောင်း၊ အဆိုပါ အင်အားကြီးနိုင်ငံအချို့နှင့် ပြည်တွင်းမှ လက်ဝေခံသစ္စာဖောက်များ၏ လုပ်ရပ်များသည် မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး လှုပ်ရှားမှုများကို မျက်ကွယ်ပြု လျစ်လျူရှုရုံမက မြန်မာအမျိုးသမီးငယ်များ၏ ဘဝပျက်စီးစေရန် တွန်းပို့ရာရောက်သည့် အလွန်ဆိုးရွားသော လုပ်ရပ်များဖြစ်သည့်အတွက် မိမိတို့အမျိုးသမီးထုကြီးတစ်ရပ်လုံးက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချကြောင်း ပြောကြားလိုကြောင်း။

ယနေ့ကာလတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးအတွက် နေ့မအား ညမနား အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်မှုများကို အနောက်နိုင်ငံကြီးအချို့က မျက်ကွယ်ပြုပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်လျက် တစ်ဖက်သတ်ဖိအားပေးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရကြောင်း။

NLD ခေါင်းဆောင်ဆိုသူအမျိုးသမီးကလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများမလုပ်ရန်၊ မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရကချမှတ်သည့် Sanction နှင့် ပိတ်ဆို့မှုများကိုလက်ခံကြောင်း၊ အခြားနိုင်ငံများကလည်း ဝိုင်းဝန်းပိတ်ဆို့အကျပ်ကိုင်စေလိုကြောင်း တောင်းဆိုခဲ့ကြောင်း။

ဤသို့လွဲမှားစွာ တောင်းဆိုနေမှုများသည် မြန်မာအမျိုးသမီးများအပါအဝင် မြန်မာတစ်မျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေကြောင်း။

အဆိုပါ အမျိုးသမီးအနေဖြင့် တိုင်းပြည်အတွက် ဘာတစ်ခုမျှ မယ်မယ်ရရ မလုပ်ခဲ့သော်လည်း အနောက်အင်အားကြီးနိုင်ငံအချို့နှင့် အခြားအဖွဲ့ အစည်းအချို့က ၎င်းတို့ကြွေးကြော်ပွဲထုတ်နေသည့် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးအတွက် နမူနာကောင်းတစ်ယောက်အနေဖြင့် သတ်မှတ်ပြီး နိုင်ငံတကာဆုပေါင်း ၇၇ဆု ချီးမြှင့်ခဲ့ကြောင်း၊ ယင်းအထဲမှ ၃၅ဆုဖြင့် ဒေါ်လာသန်းနှင့်ချီပြီး မြှောက်စားခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ယင်းကဲ့သို့ အနောက်ဆရာကြီးများ၏ သူကောင်းပြုမှုဖြင့် ရရှိခဲ့သောဒေါ်လာငွေများဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကောင်းကျိုးအတွက် တစ်ပြားတစ်ချပ်မျှ ဝေမျှသုံးစွဲခဲ့ခြင်းမရှိဘူးဟုသိရကြောင်း။

ယခုကဲ့သို့အချိန်တွင် ၎င်းအမျိုးသမီး၏အစ်ကိုတော်သူ ပြည်ပြေးစိန်ဝင်း ဦးစီးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ အမည်ခံ NCGUB ကလည်း မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအပါအဝင် မြန်မာပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားမရှုဆိတ်ဘဲ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည်ကို တွေ့ရှိနေရကြောင်း။

ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါတစ်စုသည် ၁၉၉၀ပြည့်နှစ်အတွင်းက သောင်းကျန်းသူအဖျက်သမားများနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစု(DFB)ဆိုသည်ကို တရားမဝင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ပြေးစိန်ဝင်းအဖွဲ့သည် ၎င်းတို့ကိုယ်တိုင်၎င်းတို့ စင်ပြိုင်အစိုးရဟု အမည်ခံပြီး ၎င်းတို့၏လုပ်ရပ်များမှာ အကြမ်းဖက်အဖျက်လုပ်ရပ်များသာဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကိုကြည့်လျှင် ပြည်ပရောက် NCGUB ပြည်ပြေးစိန်ဝင်းနှင့် ပြည်ပြေး၊ ဝရမ်းပြေးပြည်သစ်ညွန့်ဝေတို့က အနောက်နိုင်ငံသားအချို့နှင့်ပူးပေါင်းပြီး အကွက်ကျကျ စီမံဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း၊ ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUB သည် နိုင်ငံတကာ မျက်နှာစာ၌ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထားပြီး လက်တွေ့လုပ်နေသည်မှာထောက်ပံ့ငွေများ၊ ရန်ပုံငွေများရရှိအောင်တောင်းခံကာ ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲနေခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ ၎င်းတို့ကိုယ်ကျိုးအတွက် ကမ္ဘာကို လှည့်ဖြားဆောင်ရွက်နေပြီး တစ်ဖက်တွင်မြန်မာပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်လုပ်ရပ်များဖြင့် အတိဒုက္ခရောက်အောင်ဆောင်ရွက်နေသည်ကို မိမိတို့ မြန်မာအမျိုးသမီးထုကြီးက လုံးဝလက်မခံနိုင်ကြောင်း။

ထို့ကြောင့်-

- **လူ့အခွင့်အရေးချိုးဖောက်နေသူတွေဟာ ဘယ်သူတွေလဲ၊**
- **ပြည်သူတွေရဲ့ အကျိုးစီးပွားပျက်ပြားအောင်၊ ဆူပူအုံကြွမှုဖြစ်အောင် ဖန်တီးနေတာဘယ်သူတွေလဲ၊**
- **ပြည်သူတွေကြားမှာ ချောက်ချားပြီး ကျီးလန့်စာစား မတည်မငြိမ်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေ လုပ်နေတာဘယ်သူတွေလဲ၊**
- **ပြည်ပရဲ့ထောက်ပံ့ငွေတွေနဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဗန်းပြပြီး နိုင်ငံရေးအရေခြုံ လုပ်စားနေတာဘယ်သူတွေလဲ၊**
- **အနောက်အုပ်စုနိုင်ငံကြီးတွေရဲ့ ခိုင်းတာကိုလိုက်လုပ်နေတဲ့ ရုပ်သေးရုပ်ပြည်တွင်းပုဆိန်ရိုးတွေဟာ ဘယ်သူတွေလဲ**

ဆိုသည့် မေးခွန်းအားလုံးအတွက် အဖြေကတော့ ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUB ပဲဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာအမျိုးသမီးများအပါအဝင် မြန်မာပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများကို ဖျက်လိုဖျက်ဆီး လုပ်နေသော ပြည်ပအားကိုးပုဆိန်ရိုး ပြည်ပြေးစိန်ဝင်းဦးဆောင်သည့် NCGUB အဖွဲ့နှင့် အခြားဆက်စပ်ပတ်သက်နေသည့် အဖွဲ့အားလုံးကို နိုင်ငံတော်အစိုးရအနေဖြင့် မတရားအသင်း ကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ မြန်မာအမျိုးသမီးများ၏ကိုယ်စား တင်ပြလိုက်ရပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် မည်သို့သော အခြေအနေ၊ မည်သည့်အခက်အခဲမျိုးနှင့် ရင်ဆိုင်ရစေကာမူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား၊ မြန်မာအမျိုးသမီးထုကြီး၏ အကျိုးစီးပွားကို

မူးယစ်ဆေးဝါးပပျောက်ရေး နိုင်ငံတစ်ခုတည်းဆောင်ရွက်၍မရ ဒေသတွင်းနှင့်နိုင်ငံတကာ အပြည့်အဝပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက မွန်ပြည်နယ်ရှိ ထူးချွန်ဆုရအမျိုးသမီးများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မျက်ခြည်ပြတ်မခံဘဲ ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲပြီး စည်းလုံးညီညွတ်မှုအင်အားဖြင့် အင်တိုက်အားတိုက် ပူးပေါင်းကာကွယ်ဆောင်ရွက်သွားမည်ဟု တင်ပြရင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှထိုက်မော်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့မြန်မာ နိုင်ငံတွင် ဘိုးဘွားအစဉ်အဆက်မှဆင်းသက်လာသည့် ယဉ်ကျေးမှုအကျင့် စာရိတ္တအဆုံးအမများအရ ထိန်းသိမ်းစောင့်ရှောက်ရမည့် အကျင့်သီလထဲတွင် မူးယစ်ဆေးဝါးသုံးစွဲမှီဝဲခြင်းမှ ရှောင်ကြဉ်ရန်ဆုံးမထားခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့အမျိုးသမီးများအပါအဝင် ပြည်သူတစ်ရပ်လုံးသည် မူးယစ်ဆေးဝါးဟူသမျှကို မုန်းတီးရွံရှာ စက်ဆုပ်ခဲ့ကြကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမိပြီဆိုလျှင် လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိရန် အလွန့်အလွန်ခက်ခဲသည့်အပြင် လူငယ်လူရွယ်များအတွက် ကူးစက်စေတတ်သော ဘေးဆိုးကြီးလည်းဖြစ်၍ ရှေးကတည်းကယခုအထိ ဥပဒေများထုတ်ပြန်ပြီး တားဆီးတိုက်ဖျက် အရေးယူဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၌ ဘိန်းစတင်သုံးစွဲမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာတိုင်းရင်းသားတို့၏ လိုလားချက်မဟုတ်ကြောင်း၊ နယ်ချဲ့နှင့်၎င်းတို့၏ ကိုလိုနီလက်ပါးစေများကြောင့် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်သုံးစွဲခြင်း၊ ဘိန်းစားခြင်း၊ ဘိန်းရှူခြင်း အလေ့အထများ ပေါ်ပေါက်ခဲ့ရကြောင်း၊ ကိုလိုနီခေတ်တွင် ရှမ်းကုန်းပြင်မြင့်ဒေသနှင့်ကချင်တောင်တန်းဒေသတို့၌ တရားဝင် ဘိန်းစိုက်ပျိုးရောင်းဝယ်ခွင့်ပြုကာ အခွန်ငွေများ မတော်မတရားရယူခဲ့ကြကြောင်း၊ ကိုလိုနီများမီးမွှေးခဲ့သည့် အမွေဆိုးများကို လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ ဦးစားပေးတိုက်ဖျက်ခဲ့သော်လည်း ပြည်တွင်းသောင်းကျန်းမှုနှင့် ရောယှက်နေခဲ့သည့်အတွက် ထိရောက်မှုအားနည်းခဲ့ကြောင်း။

မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှုဖြစ်ပေါ်စေခဲ့သည့် အကြောင်းများကိုဆန်းစစ်ကြည့်လျှင် အမေရိကန်တို့၏သစ္စာခံ တရုတ်ဖြူ(ကူမင်တန်)တပ်များ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို စီးပွားဖြစ်လုပ်ခဲ့ကြသည့်အပြင် ရှမ်းပြည်နယ်နှင့် ဒေသအချို့၌ ဘိန်းစိုက်ပျိုးစေခဲ့ခြင်း အကြောင်းရင်းလည်း ပါဝင်သည်ကိုတွေ့ရှိနိုင်ကြောင်း၊ ဤလုပ်ရပ်ကိုတွန်းလှန်ချေမှုန်းရန်အတွက် ယုဇန စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ဆင်ဖြူရှင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေး၊ မဲခေါင်စစ်ဆင်ရေးများဖြင့် ၁၉၆၁ခုနှစ်မှစပြီး ၁၁နှစ်ကြာ နိုင်ငံ့သား

ပြည်ပြေးစိန်ဝင်း ဦးစီးသည့် NCGUB သည် နိုင်ငံတကာ မျက်နှာစာ၌ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထားပြီး လက်တွေ့လုပ်နေသည်မှာ ထောက်ပံ့ငွေများ၊ ရန်ပုံငွေများရရှိအောင်တောင်းခံကာ ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲနေခြင်းပင်ဖြစ်၊

၎င်းတို့ ကိုယ်ကျိုးအတွက် ကမ္ဘာကို လှည့်ဖြားဆောင်ရွက်နေပြီး တစ်ဖက်တွင် မြန်မာပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်လုပ်ရပ်များဖြင့် အတိဒုက္ခရောက်အောင် ဆောင်ရွက်နေသည်ကို မိမိတို့ မြန်မာအမျိုးသမီးထုကြီးက လုံးဝလက်မခံနိုင်။

ကောင်းစစ်သည်များ၏ အသက်ပေါင်းများစွာရင်းပြီး ပြင်းပြင်းထန်ထန် တိုက်ဖျက်ခဲ့ရကြောင်း၊ မျက်မှောက်ခေတ်၌လည်း မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ နှစ်တိုနှစ်ရှည်စီမံချက်များချမှတ်ပြီး လုံးဝပပျောက်သွားသည်အထိ ဆောင်ရွက်နေကြောင်း၊ ရှာဖွေဖော်ထုတ်ဖမ်းဆီးရရှိခဲ့သည့် ဘိန်းဖြူ၊ ဘိန်းမည်းနှင့် ဆက်စပ်ပစ္စည်းများသည် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတန်သော်လည်း မြန်မာ ပြည်သူလူထုအနေဖြင့် လုံးဝမက်မောခြင်းမရှိဘဲ အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးပစ်ခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်နှင့်ဒေသအချို့၌ ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဒေသများ၌ ဘိန်းလုံးဝပပျောက်ရမည်ဟု ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာဖြင့် နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်နိုင်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရောင်းချမှုကို မြန်မာ အမျိုးသမီးထုတစ်ရပ်လုံးနှင့် ပြည်သူတစ်ရပ်လုံးက ယခင်ကလည်း လုံးဝလက်မခံသလို နောင်လည်းဘယ်တော့မှ လက်ခံမှာမဟုတ်ဘူးဟု ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် အတိအလင်းပြောကြားလိုက်ပါကြောင်း။

အမှန်တွင် ဘိန်းနှင့်ပတ်သက်ပြီး ယနေ့လက်ညှိုးထိုး စွတ်စွဲပုတ်ခတ်အပြစ်ပြောခံနေရသည့် အာရှနိုင်ငံများသည် ဗိုက်အငှားဖြင့်ခားထိုးခံနေရသည့် နိုင်ငံများသာ ဖြစ်ကြောင်း၊ ယနေ့လိုကာလကျမှ ဂိုက်ဆိုက်အပြည့်၊ လေသံမာမာဖြင့် ဟိုနိုင်ငံသည်နိုင်ငံများအပေါ် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး စွပ်စွဲပုတ်ခတ်နေကြသည့် အနောက်နိုင်ငံကြီးအချို့သာလျှင် ကမ္ဘာ့မူးယစ်ဆေးဝါးဆိုင်ရာ အဓိကတရားခံများဖြစ်နေကြောင်းကို ဘိန်းသမိုင်းကပြင်းမရအောင်ရှင်းပြနေပါကြောင်း။

နိုင်ငံတကာပြဿနာဖြစ်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအပြည့်အဝ စိတ်စေတနာသန့်သန့်ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုသို့ယုံကြည်ထားသည့်အတွက် အိမ်နီးချင်း

ဂုဏ်ပြုစကားပြောကြား

မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်စန်းစန်းဝင်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံများ၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၉၅ခုနှစ် ဇူလိုင် ၁၇ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၆ခုနှစ် မတ်လ ၂၇ရက် (၅၁)နှစ်မြောက်တပ်မတော်နေ့တွင် **"မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဟာ ကမ္ဘာ့သူ၊ ကမ္ဘာ့သား အားလုံးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းဖြစ်လို့ ကြီးမားကျယ်ပြန့်ပြီး ခက်ခဲနက်နဲတဲ့လုပ်ငန်းလဲဖြစ်တယ်။ ဒီလုပ်ငန်းမှာ စေတနာသန့်သန့်နဲ့ ပါဝင်ကူညီကြတယ်ဆိုရင် ဒို့အနေနဲ့ကတော့ ဝမ်းမြောက် ဝမ်းသာကြိုဆိုလက်ခံမယ်။ အကယ်၍ မကူညီနိုင်ဘူးဆိုရင်လဲ ကမ္ဘာ့လူသားများကို ခြိမ်းခြောက်အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အစွမ်းရှိသမျှ မဖြစ်ဖြစ်အောင် လုပ်သွားမှာ ဖြစ်တယ်"** ဟု မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် မဟာဗျူဟာနှစ်ရပ်၊ နည်းနာနိဿယသုံးရပ်ဖြင့် ထက်ထက်မြက်မြက် အကောင်အထည်ဖော်နေခြင်းဖြစ်သည့်အတွက် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး၊ မိမိတို့နိုင်ငံကို တစ်ဖက်စောင်းနင်း စွပ်စွဲပုတ်ခတ်နေခြင်းသည် လုံးဝမမှန်ကန်ဟု ပြောကြားရင်း ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။

မြန်မာ့လူ့အဖွဲ့အစည်းသည် ညီအစ်ကို မောင်နှမ၊ သွေးချင်းသားချင်းသဖွယ် အတူတကွပူးပေါင်းနေထိုင်ကြပြီး တစ်ဦးအရေးကြီးလျှင် တစ်ဦးကမပစ်ပယ်ဘဲ ကောင်းတူဆိုးဖက် မျှဝေခံစားကြသည့် လူ့အဖွဲ့အစည်းဖြစ်ကြောင်း၊ အမျိုးသားများက အမျိုးသမီးများကို မောင်ရင်းနှမသဖွယ် စောင့်ရှောက်ကာကွယ်ခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကတည်းကပင်ဖြစ်ကြောင်း။

ဤကဲ့သို့ နှစ်ပေါင်းထောင်ချီပြီးရှိနေသည့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို မျက်ကွယ်ပြုပြီး အင်အားကြီးနိုင်ငံတချို့နှင့် အဆိုးမြင်ဝါဒီတချို့က အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲအောင်နှင့် သမိုင်းအစဉ်အလာကြီးခဲ့သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိမ့်ကျလျော့ပါးအောင် နည်းမျိုးစုံဖြင့် မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများ လုပ်နေသည်ကို တွေ့ရှိလာရကြောင်း။

ပြည်ပြေးများနှင့် နိုင်ငံတော်ကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းများက အနောက်မီဒီယာများ၏ အကူအညီဖြင့် မဟုတ်မမှန်လုပ်ကြံမတရားစွပ်စွဲရေးသားနေခြင်းဖြစ်ကြောင်း၊ SSA ရှက်ဆစ်ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ Shan Human Rights Foundation နှင့် Shan Women' s Action Network ဆိုသည့် အဖွဲ့နှစ်ဖွဲ့က License to Rape ခေါင်းစဉ်ဖြင့် စွပ်စွဲခဲ့ ခြင်းသည် အခြေအမြစ်မရှိ၊ ယုတ္တိမရှိသည့် စွပ်စွဲချက်သာဖြစ်သည်ဟု မိမိအနေဖြင့် ပြောကြားလိုကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❁

ဆင်းရဲနွမ်းပါးမှုနှင့် တိုးတက်မှုကွာဟချက်ဟူသည့် စိန်ခေါ်
လူသားနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တိုးမြှင့်ရာတွင် ပိုမိုကြိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ International Convention and Exhibition Centre (ICEC) **ပထမထပ်ရှိ** Central Hall **၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

❋ ရှေ့ဖုံးမှ

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါတို့အား ကြိုဆိုနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါတို့နှင့်အတူ International Convention and Exhibition Centre (ICEC) ပထမထပ်ရှိ Central Hall ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်အတူ International Convention and Exhibition Centre (ICEC) ပထမထပ်ရှိ 5th Exhibition Hall ၌ ခင်းကျင်းပြသထားသည့် GMS Achievements Exhibition ကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီ မိနစ် ၂၀ တွင် International Convention and Exhibition Centre (ICEC) Multifunctional Hall 1 ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။

အဆိုပါ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ– နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ အာရှဖွံ့ဖြိုးရေး ဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ် ဦးဟောက်ဒိုဆွမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျင်ပင်ကျင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျင်ပင်ကျင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးကို နံနက် ၁၀နာရီတွင် International Covention and Exhibition Centre (ICEC) International Covention Hall No. 2 ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်အတူ သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။ ထိပ်သီးအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါက အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအတွက် ငွေကြေး၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီပေးမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့တွင် မဲခေါင်ဒေသနိုင်ငံများအတွင်း သဘောတူညီထားသည့် အခြေခံသဘောတရား၊ ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအရင်းအမြစ်များ စုစည်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့သည် အလွတ်သဘော ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပိုမိုခိုင်မာစေရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လှပသော ကူမင်းမြို့တွင် ဒုတိယအကြိမ် မဲခေါင်ထိပ်သီးအစည်းအဝေးကို မဲခေါင်ဒေသတွင်းနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်များနှင့် ဂုဏ်သရေရှိလူကြီးမင်းများနှင့်အတူ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကျွန်ုပ်တို့ရောက်စမှစ၍ နွေးထွေးစွာကြိုဆိုမှုကို ချီးမြှင့်ခြင်းခံရပါကြောင်း၊ ယူနန်ပြည်နယ် ပြည်သူနှင့် အစိုးရ၏ နွေးထွေးမှုနှင့် ထိပ်သီးအစည်းအဝေးအတွက် အထူးကောင်းမွန်သည့်အစီအမံများကို ကျေးဇူးတင်ပါကြောင်း။

မဲခေါင်ဒေသတွင်းသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ပါကြောင်း၊

၁၉၉၂ခုနှစ်တွင် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ဒေသတွင်းနိုင်ငံခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် စတင်ခဲ့ပါကြောင်း။

မျှော်မှန်းချက်များထား

၂၀၀၂ခုနှစ် ဖနွမ်းပင်တွင်ပြုလုပ်သည့် ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် ဒေသခွဲပေါင်းစည်းရေး၊ လိုက်လျောညီထွေမှုရှိရေးနှင့် သာယာဝပြောရေး၊ ထို့ပြင် တည်ငြိမ်သော စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရေရှည်တည်တံ့မှုတို့အတွက် အနာဂတ်မျှော်မှန်းချက်များ ချမှတ်ထားပြီးဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်သည် ၁၉၉၂ခုနှစ်မှစတင်၍ မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အတွက် ငွေရေးကြေးရေး၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးခြင်းဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြောင်း။

မဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းမှုအစီအစဉ်၏ ထူးခြားသည့်ရလဒ်တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုကို အားပေးခြင်းကြောင့် ဖြစ်ပါကြောင်း။

မဲခေါင်ဒေသတွင်းနိုင်ငံများတွင် အ…
ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်ပြည်…
အက်ဒ်စ်အစီအစဉ်သည် အာဆီယံ၏ ဒေသ…
များကို အားပေးမည်ဖြစ်ပြီး အာဆီယံအဖွဲ့…
အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို က…
အလားတူ အာဆီယံ–တရုတ် အစီအစဉ်က…
အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

ပထမအကြိမ် မဲခေါင်ထိပ်သီးအစည်း…
ယှက်နွယ်ဆက်သွယ်မှုများ ပိုမိုခိုင်မာရေး၊…
လွယ်ကူချောမွေ့စေရေး၊ ပုဂ္ဂလိကကဏ္ဍပါ…
အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်ဝ…
မဟာဗျူဟာ မူဘောင်တစ်ရပ်ကို ချမှတ်…

ဦးစားပေးနယ်…

သို့ပါ၍ အဆိုပါ မဟာဗျူဟာမူဘော…
ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းစေရေး၊…
ပတ်ဝန်းကျင်တိုးမြှင့်ဆောင်ရွက်ရေး၊ လူမှု…
ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပိုမို…

စုစည်းရရှိရေး၊ အတူလက်တွဲ ပူးပေါင်း…
တို့သည် ဦးစားပေးနယ်ပယ်များ ဖြစ်ပါ…

မိမိတို့ဒေသတွင်းတွင် ခြားနားမှုလျော့…
အခြေခံအဆောက်အအုံကို အလေးထားသ…

မိမိတို့ ရေရှည်တည်တံ့သော ဖွံ့ဖြိုး…
အကောင်အထည် ဖော်ဆောင်ရမည်ဖြစ်ပါ…
ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ဟူသည့် စိ…
ဖြစ်ပါကြောင်း၊ ထိုသို့စိန်ခေါ်မှုများကျော်…
အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်…
စွမ်းရည်တိုးမြှင့်ရာတွင် ပိုမိုကြိုးပမ်းဆော…

စီးပွားရေး တိုးတက်မှုအတွက် လူသားအရင်းအမြစ်သည် ဖွံ့ဖြိုး တိုးတက်ရမည်ဖြစ်ပြီး မိမိတို့ပြည်သူများအတွက် ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာအသစ်များ ရရှိနိုင်စေရန် စွမ်းရည်မြှင့်တင်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်၊ ကျွမ်းကျင်မှုနှင့် အသိပညာသည် စီးပွားရေး တိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း GMS Achievements Exhibition ကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

...ဟူသည့် စိန်ခေါ်မှုများကို ကျော်လွှား ...မြှင့်ရာတွင် ပိုမိုကြိုးပမ်းဆောင်ရွက်ရန်လို

မဲခေါင်ဒေသတွင်းနိုင်ငံများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်သဖြင့် ဂျီအမ်အက်စ်အစီအစဉ်သည် အာဆီယံ၏ ဒေသတွင်း သာယာဝပြောရေး ကြိုးပမ်းမှုများကို အားပေးမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံဟောင်းနှင့် နိုင်ငံသစ်တို့အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေမည်ဖြစ်ပါကြောင်း၊ အလားတူ အာဆီယံ-တရုတ် အစီအစဉ်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

ပထမအကြိမ် မဲခေါင်ထိပ်သီးအစည်းအဝေးတွင် အခြေခံအဆောက်အအုံ ယှက်နွယ်ဆက်သွယ်မှုများ ပိုမိုခိုင်မာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးမြှင့်လာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် မဟာဗျူဟာ မူဘောင်တစ်ရပ်ကို ချမှတ်ခဲ့ပါကြောင်း။

ဦးစားပေးနယ်ပယ်

သို့ပါ၍ အဆိုပါ မဟာဗျူဟာမူဘောင်အရ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တိုးမြှင့်ဆောင်ရွက်ရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပိုမိုခိုင်မာစေရေး၊ အရင်းအမြစ်များ စုစည်းရရှိရေး၊ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးတို့သည် ဦးစားပေးနယ်ပယ်များ ဖြစ်ပါကြောင်း။

မိမိတို့ဒေသတွင်းတွင် ခြားနားမှုလျော့နည်းရေးအတွက် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံကို အလေးထားသင့်ပါကြောင်း။

မိမိတို့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်အကောင်အထည် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်းနှင့် ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ဟူသည့် စိန်ခေါ်မှုများကို ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ ထိုသို့စိန်ခေါ်မှုများကျော်လွှားရန် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တိုးမြှင့်ရာတွင် ပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါတို့နှင့်အတူ International Convention and Exhibition Centre (ICEC) **ပထမထပ်ရှိ** Central Hall **၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

ဆွေးနွေးပြောကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း International Convention and Exhibition Centre (ICEC)Multifunctional Hall(2) **၌ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပိုမိုခိုင်မာစေရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

ယနေ့တိုးတက်မှုများသည် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဆက်လက်ဆောင်ရွက်ရန်များ ကျန်ရှိနေပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

မဲခေါင်ဒေသတွင်းသည် လူ့စွမ်းအားအရင်းအမြစ် ကြွယ်ဝချမ်းသာပါကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်သည် ဒေသတွင်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါကြောင်း။

မဲခေါင်ဒေသတွင်းသည် ပြီးခဲ့သည့်ဆယ်စုနှစ်က အထိုက်အလျောက် စီးပွားရေး တိုးတက်မှုရရှိခဲ့ပါကြောင်း၊ သို့ရာတွင် ဆင်းရဲနွမ်းပါးမှု ရှိနေသေးကြောင်း။

သာယာဝပြောသည့် ဂျီအမ်အက်စ်ဆိုသည်မှာ မဲခေါင်ဒေသတွင်းရှိ ပြည်သူများ အနာဂတ် သာယာဝပြောရေးအတွက် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ပြီး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကတိပြုခြင်းဖြစ်ပါကြောင်း။

မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံအစိုးရတို့သည် ယင်းတို့၏ပြည်သူများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်၊ ယင်းတို့၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်များသို့ အတတ်နိုင်ဆုံးရောက်ရှိရန် ဆက်လက်ကြိုးပမ်းကြမည်ဖြစ်ကြောင်း ကတိပြုကြသည်မှာ သံသယမရှိပါကြောင်း။

မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များရရှိရန် ဆက်သွယ်ယှက်နွယ်မှု၊ ယှဉ်ပြိုင်မှုနှင့် လူမှုအဖွဲ့အစည်း တည်ဆောက်မှုကို ဒေသတွင်း အဆင့်တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲလျက်ရှိရာ မိမိတို့သည် အသိပညာအခြေခံသည့်ခေတ်သို့ ရောက်ရှိနေပါကြောင်း၊ သို့ရာတွင် ဂျီအမ်အက်စ်ဒေသအများစုမှာ စိုက်ပျိုးရေးပေါ်တွင် မှီခိုနေရဆဲဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်အတွက် ဒေသတွင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း လယ်သမားများကို ကျွမ်းကျင်မှုနည်းပညာနှင့် ခေတ်မီနည်းပညာ ရရှိနိုင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မရှိမဖြစ်လိုအပ်

စီးပွားရေးတိုးတက်မှုအတွက် လူသားအရင်းအမြစ်သည် ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်ပြီး မိမိတို့ပြည်သူများအတွက် ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာအသစ်များ ရရှိနိုင်စေရန် စွမ်းရည်မြှင့်တင်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျွမ်းကျင်မှုနှင့် အသိပညာသည် စီးပွားရေးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း။

ဒေသတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အရေးပါမှုကို အသိအမှတ်ပြုလျက် မဲခေါင်ဒေသတွင်းတွင် စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖနွမ်းပင်အစီအစဉ်ကို ပထမအကြိမ် မဲခေါင်ထိပ်သီး အစည်းအဝေးတွင် စတင်ခဲ့ပါကြောင်း။

ဖနွမ်းပင်အစီအစဉ်သည် ဦးဆောင်မှု၊ အုပ်ချုပ်မှုနှင့် အဆင့်မြင့် စီမံခန့်ခွဲမှုနယ်ပယ်တို့ရှိ အရာထမ်းများ၏ အရည်အသွေးမြှင့်ရေးအတွက် ကာလတိုသင်တန်းများပေးသည့် အစီအစဉ်ဖြစ်ပြီး မိမိတို့ မဲခေါင်ဒေသတွင်းနိုင်ငံများအားလုံးက အဆိုပါ ဖနွမ်းပင်အစီအစဉ်မှ အကျိုးကျေးဇူးခံစားနေကြရပြီဖြစ်ပါကြောင်း။

ဖနွမ်းပင်အစီအစဉ်အပြင် အဆင့်မြင့်ပညာရေးကို တိုးမြှင့်ခြင်းနှင့် ကာလတို သင်တန်းအစီအစဉ်များကို ကာလရှည်အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အရာထမ်းများသည် ကမ္ဘာ့အခြားဒေသများရှိ နည်းပညာများ ပိုမိုရရှိစေရေးအတွက် ခေတ်မီလေ့လာသင်ယူမှုအစီအစဉ်များကိုပါ ပါဝင်မှုရှိစေရန် လက်ရှိ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဆောင်ရွက်သင့်ပါကြောင်း၊

အားပေးဆောင်ရွက်သင့်

လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပိုမိုခိုင်မာစေရန် ကျန်းမာရေးကဏ္ဍကိုလည်း တိုးမြှင့်သင့်ကြောင်း၊ ပြီးခဲ့သည့်နှစ်များက မိမိတို့ဒေသတွင်းတွင် ဆားစ်ရောဂါနှင့် အေဗီယံ တုပ်ကွေးရောဂါ ခြိမ်းခြောက်မှုအသစ်မှာ သက်သေဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်မှုနှင့် ပတ်သက်၍ အဆိုပါ ခြိမ်းခြောက်မှုများ၏ ဆိုးကျိုးများကို ကျွန်ုပ်တို့ အပြည့်အဝသိရှိကြကြောင်း၊ ထိုအခြေအနေအရ မိမိတို့ဒေသတွင်းတွင် ကြိုတင်သတိပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုတိုးမြှင့်၍ ပူးပေါင်းဆောင်ရွက်ရေးယန္တရားကို အားပေးဆောင်ရွက်သင့်ပါကြောင်း။

ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဒေသ၏ အဓိကအရေးပါမှုဖြစ်ပါကြောင်း၊ အထူးသဖြင့် မဲခေါင်ဒေသသည် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေ အသက်မွေးမှုကို ကူညီပံ့ပိုးပေးသည့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသောကြောင့် ဖြစ်ပါကြောင်း။

ဂျီအမ်အက်စ် အစီအစဉ်၏ အဓိကစိန်ခေါ်မှုမှာ ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များကို ကာကွယ်ရေးအတွက် ထိရောက်စွာ ကူညီရန်ဖြစ်ကြောင်း၊ ၎င်းတို့သည် ဒေသတွင်း၏ လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ တည်မှီနေပါသဖြင့် ဖြစ်ပါကြောင်း။

ရှန်ဟိုင်းဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်ပယ်များ ထူထောင်ရေးစီမံချက်နှင့် သုံးနှစ် လုပ်ငန်းအစီအစဉ်ကို ကြိုဆိုပါကြောင်း။

ခရီးသွားလုပ်ငန်းကဏ္ဍတွင် မဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ မဟာဗျူဟာကို အပြည့်အဝထောက်ခံပါကြောင်း၊ ဒေသတွင်းကို နိုင်ငံတကာ အသိအမှတ်ပြု **“တစ်ခုတည်းသောခရီးစဉ်ဒေသ”** အဖြစ် ရည်ရွယ်ခြင်းသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ဒေသ၏ ဆွဲဆောင်မှုများ၏ အမြင့်မားဆုံး အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အကျိုးများစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတွင်း လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအဆောက်အအုံကို ပိုမိုခိုင်မာစေမည်မှာ သေချာမည်ဖြစ်ပါကြောင်း။

လူမှုရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ မိမိတို့၏ သာတူညီမျှ သာယာဝပြောမှု အနာဂတ်မျှော်မှန်းချက်များသည် လက်တွေ့ဖြစ်ပေါ်လာရေးအတွက် ဆက်လက်၍ မိမိတို့သည် အဆိုပါနယ်ပယ်များတွင် ပိုမိုခိုင်မာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရည်မှန်းချက်ပန်းတိုင်များသို့ အရောက်လှမ်းနိုင်စေမည့် ဝန်းကျင်ကို မိမိတို့ အတူလက်တွဲ ဖန်တီးကြပါစို့ဟု ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး အပိတ်မိန့်ခွန်းပြောကြားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမဌကျင်းပရာ သဘာပတိ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို လေ့လာသိမြင် အပြုသဘောဖြင့် ချဉ်းကပ်၊ ရိုးသားမှုဖြင့် ရှုမြင်

☆ **ကျောဖုံးမှ**

အခမ်းအနားမစတင်မီ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက **"စွမ်းပကားများ၏အား"**၊ **"မျိုးချစ်မြန်မာပီသစွာ"**၊ **"မြန်မာအမျိုးသမီးဂုဏ်"** တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ရှေးဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စွမ်းဆောင်ရည်မြင့်မားမှုကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီစတင် ဖွဲ့စည်းသော ဇူလိုင်လ ၃ရက်နေ့ကို မြန်မာနိုင်ငံ အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့မြေတွင်မွေးပြီး မြန်မာ့သွေးအစစ်ဖြင့် ကြီးပြင်းရှင်သန်လာခဲ့ကြသည့်အပြင် နိုင်ငံ့အကျိုးဆောင်ပြီး ဂုဏ်တင်ခဲ့ကြသည့် မြန်မာအမျိုးသမီးကောင်းများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် **"မြန်မာအမျိုးသမီးများနေ့"**ဟူ၍ သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်တိုင် မြက်တစ်ပင်မနုတ်၊ သစ်တစ်ပင်မစိုက်ဖူးဘဲ ပွဲလန့်တုန်းဖျာခင်းရန် ကြံရွယ်နေသော တစ်ဦးကောင်း တစ်ယောက်ကောင်းအတွက် သတ်မှတ်ခြင်းမဟုတ်ဘူးဆိုသည်မှာ ထင်ရှားနေကြောင်း။

နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မျှမျှတတရရှိခံစားခဲ့ကြရရုံသာမက မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့် ရရှိခဲ့ကြခြင်းသည် မိမိတို့မြန်မာ အမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။

အထူးသဖြင့် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများကို နေရာပေးအလေးထားမှု၊ လေးစားကြင်နာစွာ ကူညီဖေးမရိုင်းပင်းစောင့်ရှောက်မှုတို့မှာ ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်အတွက် မြန်မာအမျိုးသမီးဖြစ်ရခြင်းသည်ပင်လျှင် ထူးခြားမွန်မြတ်သည်ဟု ဆိုနိုင်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးထု၏ ထက်မြက်သည့်စွမ်းရည်နှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့် ဆက်လက်မြင့်မားစေရန်နှင့် အမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသော တိုင်းကျိုးပြည်ဆောင် အင်အားစုကြီးတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသည့် မြန်မာအမျိုးသမီးထုအင်အားကို အခြေခံလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာမှာ ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများသည် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယနေ့ကာလတွင် မိမိတို့အမိမြန်မာနိုင်ငံ၌ အမျိုးသမီး ဆေးပညာရှင်ပါရဂူများနှင့် ဆရာဝန်များစွာသည်လည်းကောင်း၊ အမျိုးသမီး တရားဥပဒေ ပညာရှင်များသည်လည်းကောင်း၊ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများသည်လည်းကောင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများမှာ ကျရာကဏ္ဍမှ စွမ်းဆောင်ရည် မြင့်မားစွာ ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ သမိုင်းအဆက်ဆက်တွင်လည်း မြန်မာအမျိုးသမီးများသည် တိုင်းကျိုးပြည်ပြုကိစ္စများမှာ တက်ကြွ စွာပါဝင်ခဲ့သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးကိစ္စများမှာလည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သည့် သမိုင်းမှတ်တမ်းများ အထင်အရှားရှိခဲ့ကြောင်း။

ဤနေရာတွင် အချက်တစ်ချက်ကို ကောင်းစွာ သတိထားရမှာဖြစ်ကြောင်း၊ မိန်းမ၊ ယောကျ်ားမဟူ နိုင်ငံတည်ဆောက်ရာတွင်လည်းကောင်း၊ ယဉ်ကျေးမှုကို ထိန်းသိမ်းရာတွင်လည်းကောင်း အတူတူတာဝန်ရှိကြကြောင်း၊ မိမိ၏ ကိုယ်ပိုင်အရည်အချင်းကို တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားအတွက် အသုံးမချဘဲ သူတစ်ပါး ဩဇာခံလိုသည့်စိတ်၊ တိုင်းတစ်ပါးကို အထင်ကြီးသည့်စိတ်၊ ကျွန်စိတ်ရှိသည့် အမျိုးသမီးများကြောင့် **"မိန်းမဖျက်တော့ ပြည်ပျက်သည်"** ဟူသော မိန်းမဆိုးများနှင့်ပတ်သက်သည့် စကားပုံရှိသဖြင့် ပြည်ဖျက်သည့် မိန်းမဆိုးစာရင်းသို့ ဝင်မသွားရန် မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ဂရုပြုရန်လိုအပ်မည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မိမိတို့ အမျိုးသမီးတိုင်း ဇာတိပုညဂုဏ်မာနဆိုသကဲ့သို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းတတ်ရန် လိုအပ်သည့်အပြင် စောင့်လေမျိုးနွယ်ဆိုသော စကားအတိုင်း အမျိုးအနွယ်ကို စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများသည် မွေးရာပါတာဝန်များဖြစ်ကြောင်း။

မြန်မာအမျိုးသမီးအားလုံးက **"သူ့ကျွန်မခံ မြန်မာအမျိုးသမီးများ၏ ဇာတိမာန်" အမွေကို နိုးကြားတက်ကြွစွာ လက်ဆင့်ကမ်းရယူ၍ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး သယ်ပိုးထမ်းရွက်နေချိန်တွင် အမျိုးကို သစ္စာဖောက်ပြီး နယ်ချဲ့၏အခြွေအရံနိုင်ငံ၊ ဩဇာခံနိုင်ငံဘဝရောက်အောင်၊ ကျွန်ချောက်ကမ်းပါးထဲရောက်အောင် ထောင်ချောက်ဆင် ပရိယာယ်ဖြင့် မြူဆွယ်သိမ်းသွင်းနေသည့် နိုင်ငံသစ္စာဖောက် အမျိုးသမီးကိုလည်း မြန်မာအမျိုးသမီးထုကြီးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဆန့်ကျင်ရှုတ်ချကြောင်း လေးလေးနက်နက် ပြောကြားလိုကြောင်း။**

ထို့အပြင် မြန်မာနိုင်ငံအား အင်အားကြီးနိုင်ငံအချို့က စီးပွားရေးအရ ပိတ်ဆို့ဖိအားပေးခြင်း၊ ပြည်ပအကူအညီများ ကန့်သတ်ပိတ်ဆို့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ငွေကြေးထောက်ပံ့မှုများ ပိတ်ဆို့ခြင်း၊ ကမ္ဘာလှည့်ခရီးသည်နှင့် ဟိုတယ်လုပ်ငန်းများတွင် တားမြစ်ဟန့်တားခြင်း၊ ရရှိပြီး ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပြည်ပမှ ကန့်သတ်ပိတ်ဆို့ခြင်းကိစ္စများသည် မိမိတို့အမျိုးသမီးများ၏ဘဝနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးကျဆင်း ယုတ်လျော့အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းပိတ်ပင်တားဆီးမှုများကြောင့် မိမိတို့ မြန်မာအမျိုးသမီးများ များစွာထိခိုက်နစ်နာခဲ့ကြောင်း။

ထို့အပြင် အနောက်အင်အားကြီး နိုင်ငံအချို့သည် တစ်ဖက်မှ ဖိအားပေးပိတ်ဆို့မှုများကို မထောက်မညှာပြုကျင့်ပြီး အခြားတစ်ဖက်မှလည်း မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုမရှိ၊ အလုပ်လက်မဲ့များ ဖြစ်ပေါ်နေသည်၊ လူကုန် ကူးမှုအပေါ် အရေးယူမှုအားနည်းသည် စသည်ဖြင့် ပုတ်ခတ်စွပ်စွဲမှုများပြုလုပ်ကာ နိုင်ငံတော်ကို သိက္ခာချလျက်ရှိကြောင်း။

အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေးပိတ်ဆို့မှုများသည် ပြည်ပြေးများနှင့် အဆိုးမြင်ဝါဒီများ၏ လုပ်ကြံဖန်တီးထားသည့် သတင်းအမှားများအပေါ် အခြေခံပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုသည့် စကားအတိုင်း ငါ့စကားနွားရ သဘောဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ၅၄ သန်းကျော်သော တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားကို ပစ်ပယ်ပြီး လူတစ်စု၊ တစ်ဖွဲ့၊ တစ်ဦးတစ်ယောက်၏အကျိုးစီးပွားကို အခြေပြုနေသည်မှာ သိသာထင်ရှားလှပါကြောင်း၊ တစ်ဦးတစ်ယောက်တည်းကိုသာ အမွှမ်းတင်ပြီး သည်ယုန်မြင်လို့ သည်ချုံထွင်သည့်သဘောဖြင့် အမိနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးဩဇာခံနိုင်ငံဖြစ်အောင် ခေတ်သစ်ကိုလိုနီ ကျွန်ပြုခြင်းသာဖြစ်သည်ကို မိမိတို့ မြန်မာအမျိုးသမီးထုကြီးက ရှင်းရှင်းလင်းလင်း၊ ကွက်ကွက်ကွင်းကွင်း သဘောပေါက် နားလည်ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်ပဖိအားပေးမှု၊ ပိတ်ဆို့မှုများကြားမှပင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့ကျသည့် စီမံကိန်းများချမှတ်ပြီး နေ့မအား ညမနား အရှိန်အဟုန်ဖြင့် တည်ဆောက်နေချိန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သော ပြည်သူများက မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ ရပ်ရွာဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူတူ တက်တက်ကြွကြွ ပူးပေါင်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း မြန်မာအမျိုးသမီးတို့၏ သမိုင်းအစဉ်အလာကြီးမားသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းမှုတို့ကို ဂုဏ်ယူလျက် မြန်မာအမျိုးသမီးတို့၏ လူနေမှုဘဝကို အစဉ်အမြဲ ကာကွယ်မြှင့်တင်နေကြောင်း၊ မြန်မာ့သမိုင်းတွင် ခါးသီးစွာ ခံစားခဲ့ရပြီးဖြစ်သည့် ပြည်ပဩဇာခံဘဝနှင့် ကိုလိုနီအပြုခံရမှုမှ ကင်းဝေးအောင် ကြိုးပမ်းအားထုတ်နေကြရမှာ ဖြစ်ကြောင်း၊ မည်သည့် အခြေအနေမျိုးကို ရင်ဆိုင်ရစေကာမူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် မြန်မာအမျိုးသမီးထုကြီး၏ အကျိုးစီးပွားကို နိုင်ငံအတွင်းရှိ လူမှုရေးအသင်းအဖွဲ့ပေါင်းစုံတို့နှင့်အတူ လက်တွဲပူးပေါင်းပြီး စည်းလုံး ညီညွတ်သော အင်အားဖြင့် ကာကွယ်တည်ဆောက်သွားမည်ဖြစ်ကြောင်းကို ယနေ့အစည်းအဝေးကြီးတွင် လေးနက်စွာ ပြောကြားလိုပါကြောင်း။

မိမိတို့ နိုင်ငံအပေါ် တစ်ဖက်သတ်အမြင်နှင့် ပြောနေသည့် အင်အားကြီးနိုင်ငံတချို့နှင့် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများအား ပြောကြားလိုသည်မှာ မိမိတို့ အမိမြန်မာနိုင်ငံ၏ ပကတိအခြေအနေကို လေ့လာသိမြင်ပြီး အပြုသဘောဖြင့် ချဉ်းကပ်ကြပါ၊ ရိုးသားမှုဖြင့် ရှုမြင်ကြပါ၊ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် လုပ်ဆောင်နေမှုများကို ရပ်တန်းက ရပ်ကြပါ၊ ထို့အပြင် မိမိတို့နိုင်ငံကို မတရားစွပ်စွဲပိတ်ပင် တားဆီးမှုများကြောင့် မြန်မာအမျိုးသမီးများ၏ ဘဝရပ်တည်မှုကိုလည်းကောင်း၊ အမျိုးသမီးငယ်များ၏ အနာဂတ်ရည်မှန်းချက်နှင့် ဘဝအိပ်မက်များကိုလည်းကောင်း ထိခိုက်ကြေမွ ပျက်စီးစေသည့်အတွက် ယင်းပိတ်ပင်တားဆီးမှုများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများပင်ဖြစ်ကြောင်း မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ကိုယ်စား

စစ်ကိုင်းတိုင်း အမျိုးသမီး ရေးရာ အဖွဲ့ဝင် ဒေါ်ဝေမွန်လေးမြင့် မြန်မာ အမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။

(သတင်းစဉ်)

မိမိအနေဖြင့် လေးလေးနက်နက် သတိပေးပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားနိုင်အောင် နိုင်ငံတော်အစိုးရ၊ အခြားပြည်နယ်၊ တိုင်းအသီးသီးရှိ မြန်မာအမျိုးသမီးထုကြီးနှင့် ပေါင်းစည်းပြီး မိမိတို့ စစ်ကိုင်းတိုင်း အမျိုးသမီးထုကြီးက တက်တက်ကြွကြွ ထက်ထက်သန်သန် ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြပါ၊ မိမိတို့စစ်ကိုင်းတိုင်း အမျိုးသမီးထုကြီးတစ်ရပ်လုံး ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာနှင့် မိသားစုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားကာ ဆောင်ရွက်သွားကြပါ၊ မိမိတို့ ဒေသအသီးသီးမှာ အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားကြပါဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဝေမွန်လေးမြင့်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍကို ကာကွယ်မြှင့်တင်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် အစဉ်အလာကြီးမားစွာ တည်တံ့လာသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထား စောင့်ထိန်းလျက်ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မွန်မြတ်သည့် ရည်ရွယ်ချက်(၇)ရပ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့ ဖွဲ့စည်းထားရှိပြီး အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

နိုင်ငံတော်အစိုးရသည် ပြည်ပဖိအားပေးမှု၊ ပိတ်ဆို့မှုများကြားမှပင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့ကျသည့် စီမံကိန်းများ ချမှတ်ပြီး နေ့မအား ညမနား အရှိန်အဟုန်ဖြင့် တည်ဆောက်နေချိန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သော ပြည်သူများက မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ ရပ်ရွာဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူတူ တက်တက်ကြွကြွ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိ။

ဝံသာနုရက္ခိတတရားနှင့်အညီ မိမိအမျိုးကို မိမိတို့ဘာသာ စောင့်ရှောက်ကြရမည်
မည်သည့်လူမျိုးကမှ ကိုယ်ကျိုးမပါ အခွင့်အရေးမရဘဲ စောင့်ရှောက်ပေးကြမည်မဟုတ်

➪ စာမျက်နှာ ၁၀ မှ

အဖွဲ့တွင် အဖွဲ့ခွဲလေးခု၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့တွင် အဖွဲ့ခွဲသုံးခုနှင့် လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖွဲ့ခွဲသည် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှု မခံရအောင် ကာကွယ်စောင့်ရှောက်တတ်ရန်၊ မလွှဲမရှောင်သာ အကြမ်းဖက်ခံရမှု ဖြစ်ပေါ်လာပါက မိမိတို့ကို ကာကွယ်စောင့်ရှောက်ထားသည့် ဥပဒေများနှင့်အညီ ကုစားဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာကြံတတ်ရန်၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ၌လည်း နောက်ဆက်တွဲဆိုးကျိုးများ မခံစားရစေရန်အတွက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုဖြင့် ကုစားနိုင်ရန်၊ အသိပညာပေး ဟောပြောမှုများ၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှုများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာအမျိုးသမီးများ ကာကွယ်ရေးအပိုင်းတွင် မိမိတို့မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံရန်၊ ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်များကို ထိန်းသိမ်းရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ရန်နှင့် မြန်မာအမျိုးသမီးပီသရန်ဆိုသည့် အချက်များဖြင့် စောင့်ရှောက်ကာကွယ်သွားရမှာဖြစ်ကြောင်း၊ ယခုလို ကာကွယ်ပေးနိုင်မည့်သူများသည် အမျိုးကို စောင့်ထိန်းတတ်သည့် မျိုးချစ်စိတ်ဓာတ်ရှိသည့် ဝံသာနုရက္ခိတတရား လက်ကိုင်ထားသည့်သူများသာ ဖြစ်ကြောင်း။

ဝံသာနုရက္ခိတတရားနှင့်အညီ မိမိအမျိုးကို မိမိတို့ဘာသာ စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ မည်သည့်လူမျိုးကမျှ ကိုယ်ကျိုးမပါ အခွင့်အရေးမရဘဲ အကြောင်းမဲ့ စောင့်ရှောက်ပေးကြမည်မဟုတ်ကြောင်းကို အမျိုးသမီးထုတစ်ရပ်လုံးအား လေးလေးနက်နက် တင်ပြလိုကြောင်း။

မြန်မာ့ဓလေ့စရိုက်နှင့်လည်း ကိုက်ညီမှုမရှိ၊ မြန်မာပြည်သူတစ်ရပ်လုံးကလည်း လက်ခံလေ့မရှိသည့် လူကုန်ကူးမှုပြဿနာကို တင်ပြလိုကြောင်း၊ ရှေးမြန်မာများသည် ခေတ်အဆက်ဆက်တွင် ဘာသာတရား၏ အဆုံးအမများကို အမြဲနှလုံးသွင်းပြီး အသက်မွေးဝမ်းကျောင်းပြုရာတွင် စင်ကြယ်မှုမရှိသည့် အသက်မွေးဝမ်းကျောင်းမှုမျိုးကို ရှောင်ကြဉ်လေ့ရှိကြကြောင်း။

ထို့အပြင် လူငယ်၊ လူရွယ် အမျိုးသမီးလေးများကို ကုန်ပစ္စည်းတစ်ခုသဖွယ် သဘောထားပြီး ရောင်းဝယ်မှု၊ အမျိုးသမီးများကိုခိုင်းစေ၍ အသက်မွေးဝမ်းကျောင်းပြုမှုမျိုးကို မြန်မာ့လူ့ဘောင်က လုံးဝနှစ်မြို့ခြင်း၊ လက်ခံခြင်း မရှိကြောင်း။

ထို့ကြောင့် လူကုန်ကူးမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး "မဲခေါင်မြစ်ဝှမ်းအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ"အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပပေးခဲ့ကြောင်း။

အစည်းအဝေးကို တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် UNIAPအဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး "လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်"များကို ဆွေးနွေးခဲ့ကြကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် လူကုန်ကူးမှု တားဆီးရေး၊ အမျိုးသားအဆင့်ဌာန ဖွဲ့စည်းထူထောင်ခဲ့ပြီး ဥပဒေပြဋ္ဌာန်းရေး၊ တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများနှင့် လူကုန်ကူးမှုအဖြစ်များသော ဒေသများတွင် လူကုန်ကူးမှု တားဆီးရေးအဖွဲ့များ ဖွဲ့စည်းပြီး တားဆီးမှုများ ပြုလုပ်လျက်ရှိကြောင်း။

ထို့အပြင် လူကုန်ကူးခံရသောသူများ၊ အန္တရာယ်ခံစားနေရသောသူများကို ကုသရေး၊ ပြန်လည် ထူထောင်ရေး၊ နိုင်ငံအတွင်းသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်စုစည်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း။

ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းများ၏ ဖိအားပေးမှု၊ တိုက်တွန်းမှုကြောင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ဘဝကို ကယ်တင်ရန်၊ စောင့်ရှောက်ရန်နှင့် တားဆီးနိုင်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့ အားထုတ်လုပ်ဆောင်နေသည်ကို လျစ်လျူရှုပြီး မြန်မာနိုင်ငံကို အမြဲတမ်းအပြစ်ရှာကြံ ပြောလေ့ရှိသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာမီက ထုတ်ပြန်ခဲ့သည့် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံကို အနိမ့်ဆုံးအဆင့်ဖြစ်သည့် အဆင့်(၃) သတ်မှတ်ခဲ့ပြန်ကြောင်း၊ ယင်းကဲ့သို့ မသိကျိုးကျွံပြုပြီး ငါ့စကားနွားရ၊ လိုတစ်မျိုး၊ မလိုတစ်မျိုးဖြင့် တစ်ဖက်သတ် စွပ်စွဲသတ်မှတ်ခဲ့သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ရပ်ကို မိမိတို့ မြန်မာအမျိုးသမီးများက လုံးဝကန့်ကွက်ရှုတ်ချကြောင်း အတိအလင်းပြောကြားလိုကြောင်း။

၂၀၀၅ ခုနှစ် မတ် ၃ ရက်နှင့် ၄ ရက်များတွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး၌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်က တင်ပြသွားရာတွင် ရန်ကုန်တိုင်းအတွင်းရှိ အထည်ချုပ်စက်ရုံ ၁၆၀ခန့်ကိုပိတ်ခဲ့ရသည့်အပြင် စက်ရုံ ၄၀ ခန့်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရသည့်အတွက် စက်ရုံအလုပ်သမားပေါင်း ရှစ်သောင်း ကျော်ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ အမျိုးသမီး အလုပ်သမား ခုနစ်သောင်းကျော်ပါဝင်ခဲ့ကြောင်း၊ ယင်းအလုပ်သမားများကို မှီခိုနေသည့် မိသားစုဝင်ပေါင်း လေးသိန်းကျော်ခန့်၏ စားဝတ်နေရေးထိခိုက်နစ်နာခဲ့ကြောင်း၊ စက်ရုံအလုပ်ရုံပိတ်ရသဖြင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အမျိုးသမီးငယ်အချို့သည် မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသဖြင့် ရပ်တည်ရန် ခက်ခဲမှုအပေါ် အမြတ်ထုတ်လိုသူများ၏ လှည့်ဖြားမှုကြောင့် လူကုန်ကူးမှု၏ သားကောင် (Trafficked Victim) ဘဝအထိ ကျရောက်ခဲ့ရကြောင်း၊ ကလေးသူငယ်အချို့မှာလည်း မိဘအလုပ်လက်မဲ့ဖြစ်သဖြင့် ကျောင်းစရိတ်မတတ်နိုင်သောကြောင့် ကျောင်းထွက်ထားရသည်ဟု တင်ပြသွားတာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လေ့လာဆန်းစစ်ကြည့်ရာတွင် စက်ရုံ၊ အလုပ်ရုံများ ပိတ်သိမ်းရခြင်းမှာ ပိတ်ပင်တားဆီးမှု Sanction များကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ဆန့်ကျင်နေသည့် အဖွဲ့အစည်းများက နည်းမျိုးစုံဖြင့် စွပ်စွဲဖြန့်ဝေနေသော သတင်းများအပေါ် အခြေပြုပြီး တစ်ဖက်သတ်ဆုံးဖြတ်ကာ ပိတ်ပင်တားဆီးမှု ပြုလုပ်နေခြင်းဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသော်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို မနာလို မရှုဆိတ်လိုသူတွေ၊ ပြည်ပကိုအားကိုး သူခိုးဓားရိုးကမ်းပြီး ပုဆိန်ရိုးလုပ်လိုသူတွေ၊ အမေကျော် ဒွေးတော်လွမ်းသူတွေ၊ ကိုလိုနီ လက်သစ်များ၏ တပည့်တွေက နိုင်ငံတော်အပေါ် အမျိုးမျိုးစွပ်စွဲ၊ ဖိအားပေးအကျပ်ကိုင်ပြီး ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေကြကြောင်း။ ပိတ်ဆို့မှု၊ ဖိအားပေးမှု၊ အကျပ်ကိုင်မှုများအပြင် လူမဆန်စွာ ရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်များ၊ မိုင်းထောင်၊ လူသတ်၊ ဗုံးခွဲခြင်းလုပ်ရပ်များကိုပါ ပြုလုပ်လာကြကြောင်း။

ယင်းလုပ်ရပ်များကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု အထိပါးခံရကာ အတိဒုက္ခရောက်ကြရသူများမှာ ပြည်သူလူထုပင်ဖြစ်ကြောင်း၊ နိုင်ငံတော် အင်အားချည့်နဲ့ပြီး ပြည်သူများ အတိဒုက္ခရောက်ချိန်၌ စားဝတ်နေရေး ကျပ်တည်းပြီး အုံကြွမှုကြီးများ ပေါ်ပေါက်လာဦးလေမည်လားဟု ဆင်ကြံကြံရက်သည့် ဖြုတ်ဦးနှောက် ပိုင်ရှင်များကို မိမိပြောလိုက်ချင်သည်မှာ–

"ရှင်တို့ရဲ့ ပယောဂကြောင့် အတိဒုက္ခရောက်လို့ ကြောက်ရွံ့စိတ်ရှိလိမ့်မယ်၊ အားကိုးလာလိမ့်မယ်လို့တော့ နည်းနည်းမှ မထင်လိုက်ပါနဲ့။

"ဖိနှိပ်လို့ ပြားပြားဝပ်သွားတဲ့ လူမျိုးထဲမှာ မိမိတို့ မြန်မာတွေဘယ်တုန်းကမှ မပါခဲ့ဘူး။

"ရှိရင်းစွဲမွေးရာပါ မျိုးချစ်စိတ်ဓာတ်သာလျှင် ပိုမိုထက်သန်လာပြီး ရန်သူကို ဘယ်လိုကာကွယ်ရမယ်၊ ဘယ်လိုတွန်းလှန်ရမယ်ဆိုတဲ့ အသိကလွဲလို့ ဘယ်တော့မှ ခေါင်းငုံ့ခံမှာ မဟုတ်ဘူးဆိုတာကို ဤနေရာမှနေ၍ ရဲရဲကြီးပြောလိုက်ချင်ကြောင်း။"

ပြည်ပနိုင်ငံကြီးအချို့က မြန်မာနိုင်ငံမှ သစ္စာဖောက်ပြည်ပြေးများနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးကိစ္စ၊ လူကုန်ကူးမှုကိစ္စ၊ License to Rape ကိစ္စ၊ လူ့အခွင့်အရေးကိစ္စ၊ အတင်းအဓမ္မခိုင်းစေမှု (Forced Labour) ကိစ္စဆိုပြီး နိုင်ငံတော်အပေါ် အကြောင်းအမျိုးမျိုးပြ စွပ်စွဲပြောဆိုလျက်ရှိကြကြောင်း။

အမှန်အားဖြင့် ယင်းစွပ်စွဲချက်များသည် မျက်မှန်စိမ်းတပ်ပြီး တစ်ဖက်သတ်စွပ်စွဲနေခြင်းဖြစ်သလို နိုင်ငံတော်က တတ်နိုင်သမျှ လိုက်လျောဆောင်ရွက်ပေးမှုများအပေါ်တွင် မျက်ကွယ်ပြု မသိချင်ယောင်ဆောင်နေခြင်းပင်ဖြစ်ကြောင်း။

ယခုလိုစွပ်စွဲအရေးယူမှုများကို ခြုံငုံသုံးသပ်ကြည့်လျှင် ၎င်းတို့အလိုကျ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တစ်ပါတီ အာဏာရရှိရေးဆိုသည့် အဓိကရည်ရွယ်ချက်ကို အထင်အရှား တွေ့ရမှာသာဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ ၅၄ သန်းကျော်သော ပြည်သူများ၏ အကျိုးစီးပွားကို မျက်ကွယ်ပြုပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့ တစ်ဖွဲ့ကို အဓိကအသားပေး တောင်းဆိုနေခြင်းသည် မည်သည့် ရည်ရွယ်ချက်ရှိနေသလဲ၊ နောက်ကွယ်မှ မည်သည့် အကြံအစည်များရှိနေသလဲ ဟူ၍ ရိုးရှင်းသည့်အဖြေကို ထုတ်ကြည့်လျှင် နယ်ချဲ့အလိုကျ ကမယ့်ရုပ်သေးရုပ်အဖြစ် တပည့်မွေးနေခြင်းဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေကြောင်း။

နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးရန်၊ အကျယ်ချုပ် ထားသူများကို လွှတ်ပေးရန် တောင်းဆိုသည့်အသံများ ပိုမိုကျယ်လောင်လာပြီး သူ့ကိုလွှတ်ပေးမှပိတ်ဆို့အရေးယူမှုတွေ လျှော့ပေးမည်ဆိုပြီး တောင်းဆိုမှုတွေ လုပ်လာကြကြောင်း။

ယခုလို တစ်ဦးတစ်ယောက်ကို တပည့်မွေးချင်သည့် တစ်ဖက်သတ်လုပ်ရပ်ကြောင့် အတိဒုက္ခရောက်ရသူတွေမှာ မြန်မာအမျိုးသမီးငယ်များဖြစ်နေကြသည်ဆိုတာကို သိကောသိကြပါရဲ့လားဟု တောင်းဆိုနေသူများကို မေးလိုက်ချင်ကြောင်း၊ တစ်ဦးတစ်ယောက်ကို အကြောင်းပြုပြီး ဒုက္ခရောက်သူတွေဒုနှင့်ဒေး ရှိနေသော်လည်း ယင်းတစ်ဦးတစ်ယောက်က သူ့ရဲကောင်းကြီးသဖွယ်ဖြစ်နေပြီး မန်းမှုတ်ပေးလိုက်ကြသည့်အတွက် ဘာမှန်းမသိဆုတံဆိပ်ပေါင်း ၇၇ ခုရရှိခဲ့ပြီး ထိုအထဲမှ ၃၅ ဆုမှာ ဒေါ်လာငွေများဖြစ်သည်ဟု သိရကြောင်း။

သူရဲကောင်းကြီးသဖွယ်ဖြစ်နေသည့် ထိုပုဂ္ဂိုလ်အနေဖြင့် ၎င်းဒေါ်လာတွေကို မည်သည့်နေရာတွင် ထားသလဲ၊ မြန်မာပြည်သူတွေအတွက် မည်သည့်နေရာတွင် မည်ကဲ့သို့ အသုံးချပေးခဲ့သလဲဟု မေးလိုက်ချင်ကြောင်း၊ ထို့အပြင် အပြောလေးနှင့်တော့ မိမိတို့လည်းတိုင်းပြည်ကို သူ့ထက်သာအောင်ချစ်ပြတတ်ပါတယ်ဟု ဤနေရာမှနေ၍ ပြောလိုက်ချင်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးနှိမ်နင်းရေးကိုလည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် အကြိမ်ပေါင်းလည်း များစွာ ရှိခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများ၊ နိုင်ငံဖြတ်ကျော်မှုခင်း တားဆီးတိုက်ဖျက်ရေး လုပ်ငန်းများကို ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲပြီး ပူးပေါင်းညှိနှိုင်းတိုက်ဖျက်လျက် ရှိကြောင်း၊ ဘက်စုံထောင့်စုံမှကြည့်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အပြင် နိုင်ငံတကာနှင့်ပါ လက်တွဲဆောင်ရွက်လျက် ရှိနေကြောင်း။

မူးယစ်ဆေးဝါးကို အကြောင်းပြုစွပ်စွဲသည့် အစီရင်ခံစာများကို ရေးသားနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အမှန်ကိုလည်းမမြင်၊ အရှိအတိုင်းလည်းမကြားဖြစ်နေသည့်အတွက် မျက်မမြင်၊ နားမကြားကျောင်းဆင်းများကို ရွေးချယ်ခန့်ထားပုံရသည်ဟု ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင်မွေး၊ နိုင်ငံတွင်စား၊ နိုင်ငံတွင်ကြီးပြီး မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် နေထိုင်သူ ဖြစ်ခဲ့ပါလျက် လောဘကြီး၍၊ အဂတိလိုက်စား၍၊ ဥပဒေချိုးဖောက်၍၊ အာဏာရူးခဲ့၍ ပြည်ပကို ရောက်ရှိသွားသူများကို နိုင်ငံကြီးအချို့က ဦးစွာပထမ မွေးစားလိုက်ကြကြောင်း၊ ထို့နောက် မသဒ္ဓါရေစာ ဒေါ်လာငွေပေးပြီး လုပ်ကြံဇာတ်လမ်းများ၊ မမှန်သတင်းများ ရေးသားဆက်သွင်းစေကြောင်း၊ မြန်မာနိုင်ငံကို ဖိအားပေးရန်၊အရေးယူရန်၊ပိတ်ပင်ရန်အတွက် အကြောင်းပြချက်ရှာနိုင်အောင် တပည့်မွေးခြင်းအလုပ်ကို ပြည်ပနိုင်ငံကြီးတချို့က အထင်အရှားဆောင်ရွက်လျက်ရှိကြောင်း။

သာဓကအနေဖြင့်တင်ပြရလျှင် Shan Women's Action Network (SWAN) အမည်ခံ ပြည်ပအခြေစိုက်အဖွဲ့က မြန်မာနိုင်ငံရှိရှမ်းပြည်နယ် အပါအဝင်နယ်စပ်ဒေသများတွင် စစ်တပ်မှ တိုင်းရင်းသူများအား အဓမ္မပြုကျင့်မှု (License to Rape) ခေါင်းစဉ်ဖြင့် လုပ်ကြံဖန်တီးရေးသားမှုများကို အနောက်မီဒီယာများအကူအညီဖြင့် ဖြန့်ဝေခဲ့ကြောင်း၊ Women's League of Burma အမည်ခံပြီး ပြည်ပ၌ ပြည်ပြေးများနှင့် ဖွဲ့ထားသည့်အဖွဲ့တစ်ဖွဲ့ကလည်း System of Impunity ဟူသောခေါင်းစဉ်ဖြင့် လုပ်ကြံဖန်တီးရေးသားမှုများကို ပြည်ပမီဒီယာများ၏ အားပေးအားမြှောက်ပြုမှုဖြင့် ဖြန့်ချိခဲ့ကြောင်း၊ ယင်းအဖွဲ့များသည် နယ်စပ်ဒေသအစွန်အဖျားမှာ ခိုကပ်ပြီး အနောက်ဆရာကြီးများ၏ နည်းပေးလမ်းပြမှုဖြင့် နိုင်ငံတော်ကိုနိုင်ငံရေးနည်းအရလုပ်ကြံစွပ်စွဲပုတ်ခတ်နေသည့် ကိုလိုနီနယ်ချဲ့လက်ပါးစေအဖွဲ့များပင် ဖြစ်ကြောင်း၊ ၎င်းတို့၏ မတော်မတရားလုပ်ကြံစွပ်စွဲပုတ်ခတ်မှုကို အားပေးအားမြှောက် ပြုသည့်အနေဖြင့် အမေရိကန်အခြေစိုက် ပီတာဂရူးဘားဖောင်ဒေးရှင်း ဆိုသည့် အဖွဲ့က ၂၀၀၅ ခုနှစ်အတွက် နိုင်ငံတကာအမျိုးသမီး အခွင့်အရေးဆုကို တီထွင်ချီးမြှင့်လိုက်ခြင်းသည် ပြည်ပဆရာကြီးများနှင့် ၎င်းတို့၏လက်ပါးစေ ပြည်ပြေးအဖွဲ့များ အတိုင်အဖောက်ညီညီဖြင့် နိုင်ငံရေးရိုက်စားလုပ်နေသည်ကို ပေါ်လွင်ထင်ရှားစေကြောင်း။

ယင်းကဲ့သို့ လုပ်ကြံဖန်တီးမှု ဇာတ်ကွက်အဖြစ် ယခုတလော ပေါ်ထွက်လာသည်မှာ Guy Horton ဆိုသူက "Dying Alive: A Legal Assessment of Human Rights Violations in Burma" ဆိုပြီး စာမျက်နှာ ၆၀၀ ပါ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေရန် လုပ်နေကြောင်း အင်တာနက်ဝက်ဆိုက်များ၌ ဖော်ပြလာခြင်းပင်ဖြစ်ကြောင်း၊ အင်တာနက်သတင်းဖော်ပြချက်အရ Guy Horton ဆိုသူသည် လွန်ခဲ့သည့် ငါးနှစ်က မြန်မာနိုင်ငံအတွင်း တရားမဝင်ခိုးကြောင်ခိုးဝှက် အကြိမ်ကြိမ်ဝင်ခဲ့ကြောင်း၊ ဗန်ကောက်တွင် နယ်သာလန်ရုံးနှင့် အဆက်အသွယ်ရယူပြီး ထောက်ပံ့ငွေများရယူခဲ့သည်ကို ဖော်ပြထားကြောင်း။

ယင်းစာအုပ်ထဲတွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်ကြောင်း၊ တိုင်းရင်းသား လူမျိုးစုများကို ဖိနှိပ်ကြောင်း၊ တိုင်းရင်းသူအမျိုးသမီးများကို မတော်မတရားပြုကျင့်ကြောင်း၊ ကလေးသူငယ်များကို စစ်မှုထမ်းခိုင်းကြောင်း၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုများ ပြုလုပ်နေကြောင်း၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်နေကြောင်း စသည့် မဟုတ်မဟတ် လုပ်ဇာတ်များ ရေးသားဖော်ပြထားသည်ကို တွေ့ရကြောင်း။

ယင်းစာအုပ်ရေးသားသူ၏ အခြေအနေကို ဆန်းစစ်ကြည့်သည့်အခါတွင် တစ်ဦးတစ်ယောက်သော မြန်မာနိုင်ငံသူနှင့် လက်ထပ်ခဲ့သည့် ကွယ်လွန်သူ မိုက်ကယ်အဲရစ်၏

ဂုဏ်ပြုစကား ပြောကြား

စစ်ကိုင်းတိုင်း အမျိုးသမီး ရေးရာ အဖွဲ့မှ တိုင်းရင်းသား ရေးရာ အဖွဲ့ခေါင်းဆောင် ဒေါ်မြမြဌေး မြန်မာ အမျိုးသမီး များနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

သူငယ်ချင်းဖြစ်နေသည်ကိုတွေ့ရကြောင်း၊ ထို့အပြင် ၎င်းက Christian Solidarity Worldwide အဖွဲ့မှ ဥက္ကဋ္ဌဆိုသူ ဒေါက်တာမာတင်ပန်တာနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုနှင့် ဓာတုလက်နက် သုံးစွဲမှုများရှိသည်ဆိုကာ မတော်မတရား လုပ်ကြံဖန်တီးရေးသားထားသည့် စာတမ်းကိုလည်း တင်ပြခဲ့သေးကြောင်း၊ ယင်းအချက်များကို ကြည့်လျှင် ၎င်းသည် ပုဂ္ဂိုလ်ရေးအငြိုးအတေးဖြင့် ငါ့စကားနွားရ မတရားသက်သက် ဗလာချည် စွပ်စွဲခဲ့သည့်အပြင် နိုင်ငံပိုင်နက်ထဲသို့ ခွင့်ပြုချက်မရှိဘဲ အကြိမ်ကြိမ်ခိုးဝင်ခဲ့သည့် သူခိုးအကြီးစားသာ ဖြစ်သည်မှာ ထင်ရှားနေကြောင်း၊ ထို့ကြောင့် Guy Horton ဆိုသူက မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲချက်များ ရေးသားထုတ်ဝေမှုပြုခဲ့လျှင် ၎င်းကို မြန်မာနိုင်ငံအပေါ် သိက္ခာချ အသရေဖျက်မှုဖြင့် တရားစွဲဆိုအပြစ်ပေးနိုင်ရေး ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တင်ပြတောင်းဆိုလိုပါကြောင်း၊ ထို့အပြင် Christian Solidarity Worldwide ဥက္ကဋ္ဌ ဒေါက်တာမာတင်ပန်တာနှင့် Guy Horton တို့၏ မိမိတို့ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုစာတမ်းကို လုံးဝဆန့်ကျင် ကန့်ကွက်ရှုတ်ချကြောင်း မြန်မာအမျိုးသမီးထုကြီး၏ကိုယ်စား တင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး NCGUBနှင့်ပတ်သက်၍ တင်ပြလိုကြောင်း၊ မိမိတို့မြန်မာအမျိုးသမီး တစ်ရပ်လုံး နိုင်ငံတော်အကျိုး၊ အများပြည်သူ၏အကျိုးကို ဆောင်ရွက်နေချိန်တွင် ပြည်ပြေးစိန်ဝင်းဦးစီးသော NCGUB ခေါ် အမျိုးသားညွန့်ပေါင်းအစိုးရ ဆိုသည့်အဖွဲ့က မြန်မာပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားမရှုဆိတ်ဘဲ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည်ကို တွေ့ရှိရကြောင်း။

ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါတစ်စုသည် ၁၈–၁၂–၉၀ရက်နေ့တွင် သောင်းကျန်းသူ အဖျက်သမားများနှင့် ပူးပေါင်းပြီး DFB ခေါ် မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစုဆိုသည့်အဖွဲ့ကို တရားမဝင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ပြေးစိန်ဝင်းအဖွဲ့သည် ၎င်းတို့ကိုယ်၎င်းတို့ စင်ပြိုင်အစိုးရ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

စီးပွားရေးပိတ်ဆို့မှုနှင့် တစ်ဖက်သတ် စွပ်စွဲမှုအားလုံးကို မြန်မာအမျိုးသမီးထုကြီးက လုံးဝကန့်ကွက်ရှုတ်ချ

❍ စာမျက်နှာ ၁၁ မှ

ဟု အမည်ခံထားသော်လည်း လုပ်ရပ်များမှာ အကြမ်းဖက် အဖျက်လုပ်ရပ်များပင် ဖြစ်ကြောင်း။

ယခုကဲ့သို့ အဖျက်လုပ်ရပ်များ လုပ်နေသော်လည်း ပြည်ပြေးစိန်ဝင်းနှင့်အဖွဲ့သည် အနောက်နိုင်ငံအချို့၌ လွတ်လပ်စွာ သွားလာခွင့်ရနေပြီး NGO အမည်ခံ အဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ကျောထောက်နောက်ခံကောင်းကောင်းရရှိနေကြောင်း။

ပြည်ပြေးစိန်ဝင်း၏ အဓိကလက်ရုံးများမှာ FTUB (Federation of Trade Unions-Burma)ကို ဖွဲ့ထားသည့် မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေနှင့် လှူဘောင်သစ် အောင်မိုးဇော်တို့ အုပ်စုပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကြည့်လျှင် ပြည်ပရောက် NCGUB ပြည်ပြေးစိန်ဝင်းနှင့် ပြည်သစ်ညွှန့်ဝေတို့က အနောက်နိုင်ငံသား အချို့နှင့် ပူးပေါင်းပြီး အကွက်ကျကျ စီမံဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUBသည် နိုင်ငံတကာ မျက်နှာစာတွင် ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူများအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထားပြီး လက်တွေ့လုပ်နေကြသည်မှာ ထောက်ပံ့ငွေများ၊ ရန်ပုံငွေများရရှိရန် လိုက်လံတောင်းခံပြီး ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ၎င်းတို့ကိုယ်ကျိုးအတွက် လှည့်ဖြားဆောင်ရွက်နေခြင်းသည် ပြဿနာမဟုတ်သော်လည်း တစ်ဖက်က မြန်မာပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်များဖြင့် အတိဒုက္ခရောက်အောင် ဆောင်ရွက်နေခြင်းကိုတော့ မိမိတို့မြန်မာအမျိုးသမီးထုကြီးအနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း။

ထို့ကြောင့် လူ့အခွင့်အရေး ချိုးဖောက်နေသည့် NCGUB၊ ပြည်သူများ၏ အကျိုးစီးပွားပျက်ပြားအောင်၊ ဆူပူအုံကြွမှုဖြစ်အောင်ဖန်တီးနေသည့်NCGUB၊ ပြည်သူများကြားတွင် ချောက်ချားပြီး ကျီးလန့်စာစား မတည်မငြိမ်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်နေသည့် NCGUB၊ ပြည်ပ၏ထောက်ပံ့ငွေများဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဗန်းပြပြီး နိုင်ငံရေးအရေခြုံ လုပ်စားနေသည့် NCGUB၊ အနောက်အုပ်စု နိုင်ငံကြီးများ၏ ခိုင်းတာကို လိုက်လုပ်ရသည့် ရုပ်သေးရုပ် ပြည်တွင်းပုဆိန်ရိုးများဖြစ်သည့် NCGUB ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယနေ့ကျင်းပသည့် **"မြန်မာအမျိုးသမီးများနေ့"**အခမ်းအနား၌ မြန်မာအမျိုးသမီးထုကြီးကိုယ်စား တင်ပြလိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့မှ တိုင်းရင်းသားရေးရာ အဖွဲ့ခေါင်းဆောင် ဒေါ်မြမြဌေးက မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်လုံးဖြန့်ကြက်လွှမ်းခြုံပြီးအဖွဲ့ဝင်ဦးရေ ကန့်သတ်ချက်မရှိ၊ မိမိ၏ စိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သော လူမှုရေးအဖွဲ့ဖြစ်သည့်အတွက် လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မြင့်မားသော မြန်မာအမျိုးသမီးတိုင်း အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားနိုင်ခွင့်ရလျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းသည် အဓိပ္ပာယ် လေးနက်ကျယ်ပြန့်လှကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံ ရပ်တည်ချက်မှာ **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ စွမ်းအားစု၊ အင်အားများဖြင့် ပါဝင်ထမ်းဆောင်ရေး"** ဖြစ်ကြောင်း။

မိမိတို့အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးထုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်နေပြီး လူနေမှုဘဝ မြင့်မားရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးတို့ကို တစိုက်မတ်မတ် နည်းလမ်းရှာဖွေလျက် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ ငွေကြေးနှင့် နည်းပညာ အရင်းအနှီးများ ထုတ်ချေးခြင်းတို့ကို ရှိသည့်ခွန်အားနှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ရာတွင် မိမိတို့နိုင်ငံအား အင်အားကြီးနိုင်ငံတချို့က စီးပွားရေး ပိတ်ဆို့ဖိအားပေးမှုများ ပြုလုပ်လျက် ရှိနေပါကြောင်း၊ ပြည်ပအကူအညီများ ကန့်သတ်ပိတ်ဆို့မှု၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာ ချေးငွေများပိတ်ဆို့မှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပိတ်ဆို့မှု၊ ရရှိပြီးသားရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ် ပိတ်ဆို့မှုတို့ကြောင့် အထည်ချုပ်လုပ်ငန်းအပါအဝင် လုပ်ငန်းအချို့တွင် ယုတ်လျော့ကျဆင်းမှုများ ခံစားခဲ့ရကြောင်း။

နိုင်ငံကြီးအချို့၏ပါးစပ်က ဒီမိုကရေစီရေး ကြွေးကြော်နေပြီး ငါတင်သည့် ရွှေမင်းသမီး အာဏာရမှ အကူအညီတွေပေးမည်ဆိုသည့် မက်လုံးပေးမှုဖြင့် နိုင်ငံတော်အာဏာကို တစ်ဆင့်ခံနည်းဖြင့်ရယူပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာရန် ကြံစည်နေခြင်းကို မိမိတို့တစ်မျိုးသားလုံး သတိတရားဖြင့် အမြဲသုံးသပ် ရှုမြင်သွားကြရမှာဖြစ်ကြောင်း။

ဤအခြေအနေများသည် မြန်မာနိုင်ငံသားတို့၏ စီးပွားရေးဘဝ ကျဆင်းအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖိအားပေးခြင်းပင်ဖြစ်ကြောင်း၊ ဆိုးကျိုးသက်ရောက်မှုအဖြစ် ပထမဆုံးခံစားရသည်မှာ မိမိတို့ မြန်မာအမျိုးသမီးများဖြစ်ပြီး မြန်မာအမျိုးသမီးအလုပ်သမများကို အလုပ်လက်မဲ့ဘဝသို့ တွန်းပို့လျက်ရှိနေပါကြောင်း။

အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည့်အပြင် မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုမရှိ၊ အလုပ်လက်မဲ့များပြားနေပြီး လူကုန်ကူးမှုများအပေါ် အရေးယူမှုအားနည်းသည့် နိုင်ငံဟူသော စွပ်စွဲပုတ်ခတ်မှုများဖြင့် နိုင်ငံတော်ကို သိက္ခာချလျက်ရှိကြောင်း။

ထိုသို့ အရေးယူပိတ်ဆို့မှုများနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲမှုများသည် တစ်ဦးတစ်ယောက်တစ်ဖွဲ့ အကျိုးအတွက်သာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝ မြင့်မားရေးကို ထိခိုက်စေပြီး ဆင်းရဲမွဲတေမှု ပပျောက်ရေးလုပ်ငန်းစဉ်ကိုလည်း အားနည်းသွားစေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေး ပိတ်ဆို့မှုအားလုံးနှင့် တစ်ဖက်သတ် စွပ်စွဲမှုအားလုံးကို မြန်မာအမျိုးသမီးထုကြီးက လုံးဝကန့်ကွက် ရှုတ်ချကြောင်း အတိအလင်းကြေညာတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့နှင့် ပတ်သက်ပြီး တင်ပြရလျှင် မိမိတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမည်နှင့် လိုက်လျောညီထွေစွာ တိုင်းရင်းသားလူမျိုးအသီးသီးပါဝင်သည့် အမျိုးသမီးထုကြီး၏ အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်လျက် ရှိနေပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ရေးသည် အဖွဲ့ချုပ်၏ အသက်ဝိညာဉ်ဟု ပြောနိုင်ကြောင်း။

တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု အရှိန်အဟုန်မြင့်မားလျက်ရှိသည့် ယနေ့တပ်မတော်အစိုးရ အုပ်ချုပ်နေသောကာလ၌ တိုင်းတစ်ပါး၏ ဩဇာခံ ကိုလိုနီ ကျွန်နံ့မပျောက်သေးသည့် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့က မေ ၁၇ ရက်တွင် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည် ယာယီအစိုးရဆိုသည့် အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့် ကြေညာသွားခဲ့ကြောင်း။

ဤလုပ်ရပ်သည် သမိုင်းမတင်မီခေတ်ကတည်းက တစုတစည်း၊ တပေါင်းတည်း တည်ရှိခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ဖရိုဖရဲပြိုကွဲစေလိုသည့် နယ်ချဲ့နှင့် နယ်ချဲ့၏ လက်ပါးစေတို့က ရည်ရွယ်ချက်ရှိရှိ ကြံစည် လုပ်ဆောင်ခြင်းသာဖြစ်ပါကြောင်း၊ ဤဖြစ်စဉ်သည် ယခုချက်ချင်းပေါ်ပေါက်လာသော သွေးရိုးသားရိုး ဖြစ်စဉ်မဟုတ်ဘဲ ပြည်ပကို အားကိုးပြီး ပြည်ပ၏ ညွှန်ကြားသည့်အတိုင်း အစဉ်တစိုက် လုပ်လာခဲ့သည့် လုပ်ရပ်များ၏အဆက်ဖြစ်သည်ကို မိဘပြည်သူများအားလုံး အသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက ၂၀၀၅ ခုနှစ် မေ ၁၉ ရက်တွင် ပြည်ပြေးစဝ်ခမ်ဖခေါင်းဆောင်သည့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်နေသော အခြားအဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း။

၎င်းပြည်ပြေး စဝ်ခမ်ဖနှင့်အဖွဲ့က ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်ကြောင်း၊ ရှမ်းပြည်နယ် ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာဆောင်ရွက်ချက်သည် SSA ရွက်ဆစ်၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ မည်ကာမတ္တပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်စီမံဆောင်ရွက်ချက်များနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ယင်းစီမံချက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု လေ့လာတွေ့ရှိရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ SSA ရွက်ဆစ်၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ ပူးပေါင်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင်၊ ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေခြင်းကို နိုင်ငံတော်အစိုးရက ပြည်တွင်း၌ အချိန်မီဖော်ထုတ်တားဆီးပြီး ကြိုတင်ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ အမိမြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ကြောင်း၊ အားလုံးသည် မြန်မာနိုင်ငံအနှံ့တွင် လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း အသီးသီးတွင်လည်းကောင်း အတူတကွ ပူးပေါင်းကာ တစ်သားတည်း နေထိုင်ကြတာဖြစ်သည့်အတွက် မည်သို့မျှ ခွဲခြား၍ရမည်မဟုတ်ကြောင်း။

စစ်ကိုင်းတိုင်း အမျိုးသမီး ရေးရာ အဖွဲ့ဝင် ပါမောက္ခ ဒေါ်ခင်နိုင်ဦး မြန်မာ အမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်ဗိုလ်တစ်မင်း၊ တစ်တောတစ်ဖ ဝါဒဆိုသည့် စိတ်ဓာတ်ကိုရှောင်ရှားပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးတန်ဖိုးထားလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ခြင်း၊ နိုင်ငံတော်ကို စုပေါင်းကာကွယ်စောင့်ရှောက်ခြင်း ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်သလို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်ပြည်နယ်၊ တိုင်းကိုမျှ ပြည်ထောင်စုကြီးမှ ခွဲထွက်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ အမျိုးသမီးထုတစ်ရပ်လုံးက ပြည်ပြေးစဝ်ခမ်ဖခေါင်းဆောင်သော ရှမ်းပြည် ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းကို ကန့်ကွက်ရှုတ်ချကြောင်း၊ ပြည်ထောင်စုကြီးမှခွဲထွက်မည့် အကြံအစည် မှန်သမျှကို လုံးဝလက်မခံနိုင်ကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမည့် အရေးကိစ္စမှန်သမျှကိုလည်း လုံးဝဆန့်ကျင်ပါ

မိမိတို့ အမျိုးသမီးထုတစ်ရပ်လုံးက ပြည်ပြေး စဝ်ခမ်ဖ ခေါင်းဆောင်သော ရှမ်းပြည် ယာယီ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းကို ကန့်ကွက်ရှုတ်ချကြောင်း၊ ပြည်ထောင်စုကြီးမှ ခွဲထွက်မည့် အကြံအစည် မှန်သမျှကို လုံးဝလက်မခံနိုင်ကြောင်းနှင့် ဒို့တာဝန် အရေးသုံးပါးကို ထိပါးမည့် အရေးကိစ္စမှန်သမျှ ကိုလည်း လုံးဝဆန့်ကျင်ပါကြောင်း ဤနေရာမှနေ၍ အတိအလင်းကြေညာ။

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက စစ်ကိုင်းတိုင်းအတွင်းရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများပေးအပ်စဉ်။
(သတင်းစဉ်)

ကြောင်း ဤနေရာမှနေ၍ အတိအလင်း ကြေညာလိုက်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေးဆိုင်ရာ အခြေခံမှု၊ တိုင်းရင်းသားရေးဆိုင်ရာအခြေခံမှု၊ လူမှုရေးဆိုင်ရာအခြေခံမှု၊ အမျိုးသမီးရေးရာ အခြေခံမှုများနှင့်အညီ မြန်မာအမျိုးသမီးများ၏ဘဝ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိနေပါကြောင်း။

ယခုလိုနိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တာဝန်သိသိသစ္စာရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နေချိန်တွင် သံခဲခေါင်းဆောင်သော ABSDF အကြမ်းဖက်အဖျက်သမားအုပ်စုက နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုပျက်ပြားရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးစေရန် အကြမ်းဖက် အဖျက်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်နေတာကိုတွေ့ရမှာဖြစ်ကြောင်း။

ABSDF ၏ အဆိုးရွားဆုံးလုပ်ရပ်မှာ ၁၉၉၆ခုနှစ် ဒီဇင်ဘာအတွင်း တရုတ်ပြည်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်တော်မူရာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူအတွင်း၌ ချိန်ကိုက်ဗုံးထောင်ပြီး ရဟန်းရှင်လူ ပြည်သူများ သေကျေပျက်စီး ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ABSDF နှင့်အပေါင်းအပါ အကြမ်းဖက်အဖျက်သမားများ၏ မိစ္ဆာဒိဋ္ဌိလုပ်ရပ်ကြောင့် ဘုရားဖူးများစိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ကူညီဆောင်ရွက်နေသည့် လုံခြုံရေးအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူ ငါးဦးသေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိခဲ့ကြောင်း။

ထိုအကြမ်းဖက်လုပ်ရပ်အပြင် ABSDFအဖွဲ့ ဆက်တိုက်ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များ အတောမသတ်နိုင်အောင်ရှိခဲ့သည်ကို သတင်းမှတ်တမ်း အထောက်အထားခိုင်ခိုင်လုံလုံဖြင့် မိမိတို့ပြည်သူတစ်ရပ်လုံး ကြားသိခဲ့ရပြီဖြစ်ကြောင်း၊ ထို့အတူ ABSDF အဖွဲ့၏အကြမ်းဖက်လုပ်ရပ်ကြောင့် သေကျေပျက်စီး ဆုံးရှုံးခဲ့ရသည့် မိသားစုများ၏ ဝမ်းနည်းပူဆွေးသောကရောက်မှုများမှာလည်း မည်သို့မျှ မေ့ပျောက်၍ ရနိုင်မည်မဟုတ်ကြောင်း။

ABSDF အကြမ်းဖက် အဖျက်သမားများကတော့ ၎င်းတို့၏လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို တရားသေဆုပ်ကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲဇက်ရဲ ဆက်လက်လုပ်ကိုင်နေကြဦးမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် သံခဲခေါင်းဆောင်သော ABSDFအကြမ်းဖက် အဖျက်သမားအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမျိုးသမီးထုကြီးတစ်ရပ်လုံးကိုယ်စား အတိအလင်းတောင်းဆို အပ်ပါကြောင်း။

မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် ရရှိပြီးဖြစ်သည့်အဖွဲ့ချုပ်၏ အင်အားကို အခြေတည်ပြီး အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့အတူ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းကိုလည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးတို့ကိုလည်း အလေးအထားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်သစ်တည်ဆောက်ရေး ခရီးလမ်း၌ ဆူးငြောင့်ခလုတ်ဖြစ်နေသည့် အကြမ်းဖက်အဖျက်သမားများကိုလည်း ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း 	စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❃

စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

ILO အနေဖြင့် မိမိ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသည့်အမိန့်ကို မိမိကိုယ်တိုင် ချိုးဖောက်နေ

✾ **စာမျက်နှာ ၁၂ မှ**

တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်ပါမောက္ခဒေါ်ခင်နိုင်ဦးက မြန်မာနိုင်ငံအမျိုးသမီးများနေ့ဂုဏ်ပြုစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေး မြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် ရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ရန်၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ မြန်မာအမျိုးသမီး အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းစေရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုအဖြစ် ပီပီပြင်ပြင် ဖြစ်လာစေရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာအမျိုးသမီးများအနေဖြင့် အခြားသော နိုင်ငံများကဲ့သို့ အမျိုးသမီးများ အခွင့်အရေးရရှိရေးအတွက် အထူးအထွေ တောင်းဆိုတိုက်ပွဲဝင်ရန် မလိုဘဲ မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေကြရသကဲ့သို့ နိုင်ငံတကာ အမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ဆက်စပ်ပူးပေါင်း ဆောင်ရွက်နိုင်ရန် ညှိနှိုင်းစီမံပေးလျက်ရှိကြောင်း။

ဤနေရာတွင် မြန်မာနိုင်ငံအား မတရားစွပ်စွဲ ပိတ်ပင်တားဆီးမှုများကြောင့် မိမိတို့ အမျိုးသမီးများဘဝ ထိခိုက်နစ်နာမှုများကို တင်ပြလိုကြောင်း၊ ယင်းတို့မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ILO က မြန်မာနိုင်ငံကို ဖိအားပေးနေခြင်းနှင့် ပတ်သက်၍ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(International Labour Organization-ILO)၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ကြောင်း။

မြန်မာနိုင်ငံက လက်ခံကျင့်သုံးထားသည့် ILOပြဋ္ဌာန်းချက်မှာ ၁၉ ခုရှိကြောင်း၊ ယင်းအထဲတွင် ၁၉၃၀ ပြည့်နှစ် အဓမ္မအလုပ်ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉) (Forced Labour Covantion No.29-1930)လည်း ပါဝင်ပြီး ၁၉၅၅ ခုနှစ် မတ်လ ၄ ရက်နေ့တွင် စတင်လက်ခံကျင့်သုံးခဲ့ ခြင်းဖြစ်ကြောင်း။

ယင်းပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးသည့်ကာလမှစပြီး ILO နှင့် မြန်မာနိုင်ငံအကြား မည်သည့်ပြဿနာမှ မရှိခဲ့ကြောင်း၊ သို့ရာတွင် ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရက နိုင်ငံတာဝန်ယူခဲ့ရပြီးနောက်ပိုင်း ၁၉၉၁ ခုနှစ်မှစ၍ ICFTU က မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုများရှိသည်ဟု စတင်စွပ်စွဲတိုင်ကြားခဲ့သဖြင့် မြန်မာနိုင်ငံဘက်ကလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယင်းကဲ့သို့ ဖြေရှင်းပေးနေသော်ငြားလည်း ၁၉၉၆ ခုနှစ် ILOညီလာခံတွင် မြန်မာနိုင်ငံသည် ပြဋ္ဌာန်းချက် အမှတ်(၂၉)ကို လိုက်နာကျင့်သုံးခြင်းမရှိဘဲ အဓမ္မခိုင်းစေမှုများကို ကျင့်သုံးနေကြောင်း၊ ICFTU မှ အလုပ်သမားကိုယ်စားလှယ်များက စွပ်စွဲတိုင်ကြားခဲ့သည့်အတွက် ILO အုပ်ချုပ်မှုအဖွဲ့က စုံစမ်းရေးကော်မရှင်တစ်ရပ်ကို တစ်ဖက်သတ်ဖွဲ့စည်း စုံစမ်းစစ်ဆေးခဲ့ကြောင်း။

စုံစမ်းရေးကော်မရှင်သည် မြန်မာနိုင်ငံအတွင်းမှ သတင်းအချက်အလက်များကို အခြေမပြုဘဲ နယ်စပ်တစ်လျှောက်တွင် စစ်ဆေးမေးမြန်းပြီး မြန်မာနိုင်ငံအပေါ် တိုက်တွန်းချက်များ ချမှတ်ခဲ့ရာ ကျေးရွာဥပဒေနှင့် မြို့များဥပဒေတို့ကို ပြဋ္ဌာန်းချက် အမှတ်(၂၉)ပါ သတ်မှတ်ချက်များနှင့် အညီအညွတ်ဖြစ်ရန် တောင်းဆိုခဲ့သဖြင့် မြန်မာနိုင်ငံက အဓမ္မအလုပ်ခိုင်းစေမှုများ မရှိစေရေးအတွက် နိုင်ငံရေးသန္နိဋ္ဌာန်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး အဓမ္မခိုင်းစေမှုများ မပြုလုပ်ရန် တားမြစ်သည့် အမိန့်အမှတ်(၁/၉၉)ကို ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ရွက်ချက်အပေါ် ILOညီလာခံက အသိအမှတ်ပြု လက်ခံခြင်းမရှိဘဲ ILO စုံစမ်းရေးကော်မရှင်၏ တိုက်တွန်းချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းမရှိဟု ဆိုကာ မြန်မာနိုင်ငံအပေါ် တရားမျှတမှုကင်းမဲ့ပြီး ကျိုးကြောင်းဆီလျော်မှုမရှိသော အရေးပေါ် ဆုံးဖြတ်ချက်ကို ၁၉၉၉ ခုနှစ် (၈၇)ကြိမ်မြောက် ILOညီလာခံ၌ ချမှတ်ခဲ့ကြောင်း၊ ယင်းအရေးပေါ် ဆုံးဖြတ်ချက်သည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး ILO အနေဖြင့် တရားမျှတမှုနှင့် တန်းတူညီမျှသော ဆက်ဆံမှုမျိုး မြန်မာနိုင်ငံအပေါ် မထားရှိခဲ့သည်ကို အထင်အရှား တွေ့မြင်ရမှာဖြစ်ကြောင်း။

ILO သည် အလုပ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ပြီး အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရမည်ဟုဆိုသော်လည်း အမေရိကန်နိုင်ငံက မြန်မာနိုင်ငံမှ အဝတ်အထည်တင်သွင်းမှု ရပ်ဆိုင်းလိုက်သည့်အတွက် အထည်ချုပ်စက်ရုံမှ အလုပ်သမားပေါင်း ၈၀၀၀၀ ကျော်အတိဒုက္ခရောက်နေခြင်းကိုမသိကျိုးကျွန်ပြုကာ ရေငုံနှုတ်ပိတ်နေခဲ့ကြောင်း၊ ၎င်းအချက်ကိုကြည့်လျှင် လူမှုရေး တရားမျှတမှုမရှိဘဲ နိုင်ငံရေးအရဆက်နွှယ်ပြီး အရေးယူပိတ်ဆို့ မှုများ ချမှတ်ခြင်းသည် တရားမျှတမှု လုံးဝမရှိကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း၊ အရေးယူပိတ်ဆို့မှု (Sention) များကြောင့် အကျိုးဆက်များသည် အလုပ်သမားများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကိုသာ ထိခိုက်စေခဲ့ပြီး ဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယခုလို မြန်မာနိုင်ငံအပေါ် ILO ၏ ၂၀၀၀ ပြည့်နှစ် Resolutionကို အကြောင်းပြုပြီး နိုင်ငံအချို့တို့က စီးပွားရေး ပိတ်ဆို့အရေးယူမှုများကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မလာတော့သည့်အတွက် အလုပ်အကိုင် အခွင့်အရေးများ ဆုံးရှုံးခဲ့ရပြီး အလုပ်အကိုင် ဖန်တီးနိုင်မှုလည်းမရှိဖြစ်ခဲ့ရကြောင်း။

အလုပ်ရှင်များအနေဖြင့် အလုပ်သမားပေါင်း ၈၀၀၀၀ ကျော် အတွက် အလုပ်ထုတ် နစ်နာကြေးငွေ ကျပ်သိန်းပေါင်း တစ်သောင်းနှစ်ထောင်ကျော် (၁ ဒသမ ၂ ဘီလီယံကျော်)နှင့် FECရှစ်သောင်းကျော် ပေးခဲ့ရသဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ လျော့ကျသွားခဲ့ကြောင်း၊ ဤသို့ လျော့ကျသွားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု မတိုးချဲ့နိုင်ဘဲ အလုပ်ရှင်များ ထိခိုက်နစ်နာရခြင်းကြောင့် ကုန်ထုတ်လုပ်မှု လျော့နည်းခဲ့ရပြန်ကြောင်း၊ ကုန်ထုတ်လုပ်မှု လျော့နည်းသဖြင့် ဈေးကွက်တွင် စားသုံးသူများကို တိုက်ရိုက်ထိခိုက်စေခဲ့ပြီး ဤထိခိုက်မှု ဆိုးကျိုးများကို အလုပ်သမားများအပါအဝင် ပြည်သူများ ထိခိုက်ခံစားနေရကြောင်း။

အမှန်အားဖြင့် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုခံရသော စက်ရုံ၊ အလုပ်ရုံများသည် အစိုးရမဟုတ်သည့် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများဖြစ်၍ အရေးယူပိတ်ဆို့မှုကြောင့် အကျိုးသက်ရောက်မှု၏ ရလဒ်သည် အခြေခံလူတန်းစားများအပေါ် တိုက်ရိုက်ကျရောက်ခဲ့ကြောင်း၊ အထူးသဖြင့် အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းကဏ္ဍရှိ မြန်မာအမျိုးသမီးများပေါ် ကျရောက်ခဲ့ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများသည် အိမ်ထောင်စုကို ထောက်ပံ့ကူညီရန်အတွက် ကောင်းသော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်ရာ၌ အဟန့်အတားသဖွယ် ဖြစ်ပေါ်စေခဲ့ကြောင်းကို ILO က သိပင်သိသော်ငြား မျက်ကွယ်ပြုထားခဲ့ကြောင်း။

ဤကဲ့သို့ အလုပ်ရှင်များနှင့် အလုပ်သမားများ ထိခိုက်ခံစားနေရမှုကို ILOက မျက်ကွယ်ပြုပြီး နိုင်ငံရေးနှင့် ဆက်စပ်ပြီး ဆုံးဖြတ်ချက်များ တစ်ခုပြီးတစ်ခု ချမှတ်လုပ်ဆောင်နေခြင်းသည် အလုပ်သမားများ၏ အကျိုးကို လုံးဝအလေးထားခြင်းမရှိကြောင်း ထင်ရှားနေသည့်အတွက် မြန်မာနိုင်ငံအပေါ် အကောင်းမမြင်သော ILOကို နောက်ထပ် မည်သည့်ဆုံးဖြတ်ချက်များ ချမှတ်အရေးယူဦးမှာလဲဟု မေးလိုက်ချင်ပါကြောင်း၊ ထို့အပြင် ကလိမ်စေ့ငြိမ်းဆင်ပြီး ငါ့စကားနွားရ တစ်ဖက်သတ်ဆုံးဖြတ်ချက် ချနေသည့် ILO ၊ မိမိတို့ နိုင်ငံကိုသာမက တရားမျှတမှုကိုလိုလားသော နိုင်ငံတကာ အသိုင်းအဝိုင်းကိုပါ စော်ကားနေသည့် ILO ဆိုသည့်အဖွဲ့မှ နုတ်ထွက်လိုက်ပါတော့ဟု နိုင်ငံတော်အစိုးရအား မိမိတို့မြန်မာအမျိုးသမီးထု တစ်ရပ်လုံးက ဤနေရာမှနေ၍ တင်ပြလိုက်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်း စုစည်းညီညွတ်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားနိုင်ရန်အတွက် မြန်မာအမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ဦးဆောင်ဦးရွက်ပြုပြီး တက်ညီလက်ညီ ဖော်ဆောင်ပေးလျက်ရှိနေကြောင်း။

ယင်းအချိန်တွင် မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖျက်လိုဖျက်ဆီးလုပ်နေသည့်ပြည်ပြေးအဖျက်သမား ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂ FTUBသည် မြန်မာနိုင်ငံ၏ အကျိုးကိုမလိုလားသည့် အင်အားကြီးနိုင်ငံအချို့နှင့် အဖွဲ့အစည်းအချို့၏ အားပေးအားမြှောက်မှုဖြင့် အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များကို တိုး၍သာ ပြုလုပ်နေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံတွင် ၎င်းတို့ဩဇာကိုနာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် တပ်မတော်အစိုးရအား ဖိအားပေးအကျပ်ကိုင်နိုင်ရန် နည်းမျိုးစုံသုံးပြီး လုပ်ကြံလျက်ရှိရာ ILO စင်မြင့်ကိုလည်း အလုပ်သမားကိစ္စများအတွက် သာမကဘဲ မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သည့် နိုင်ငံရေးစင်မြင့်တစ်ခုအဖြစ် အသုံးချနေသည်ကို ထင်ထင်ရှားရှား တွေ့ရှိနေရကြောင်း။

အဖျက်သမား ပြည်သစ်ညွန့်ဝေသည် ၎င်း၏ အကျင့်စာရိတ္တပျက်ယွင်းမှုကို ဖုံးကွယ်ရန်နှင့် နိုင်ငံတော်အစိုးရကို ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ် တိုက်ခိုက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အလုပ်သမားမျက်နှာစာမှ ထိုးနှက်တိုက်ခိုက်နိုင်ရန်အတွက် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB ဆိုသည်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ယခုကဲ့သို့ အကြမ်းဖက် အဖျက်လုပ်ရပ်များကို သက်သေသက္ခာယ အထင်အရှားနှင့် ကြိုးကိုင်လုပ်ဆောင်နေသည့် အကြမ်းဖက်ခေါင်းဆောင် မောင်မောင်၏ ပြစ်မှုများကို FTUBဆိုသည့် ဆိုင်းဘုတ်နှင့် အကာအကွယ်ပေးထားပြီး မောင်မောင်၏ မဟုတ်မဟတ် လုပ်ဇာတ်ခင်းထားသည့် တိုင်ကြားချက်များကို ILO က နားဝင်နေခြင်းဖြစ်ကြောင်း။

မောင်မောင်ခေါ် ပြည်သစ်ညွန့်ဝေသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ရန်အတွက် ငွေကြေးထောက်ပံ့ကူညီခြင်း၊ ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို အကြိမ်ကြိမ် စေလွှတ်ပေးပို့ခြင်းဖြင့် အကြမ်းဖက်ကျူးလွန်နေသူဖြစ်ကြောင်း၊ သက်သေအထောက်အထားခိုင်ခိုင်လုံလုံနှင့် တင်ပြထားသော်လည်း ILOသည် ကျား–ကျားမီးယပ်သဘောထားဖြင့် ယခုနှစ် ILO ညီလာခံသို့လည်း အကြမ်းဖက် အဖျက်သမား Terrorist မောင်မောင်ကို ICFTUကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ပြုပြီး စကားပြောခွင့်ပြုခဲ့ပြန်ကြောင်း။

ILOဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအပိုဒ် (၃)အရ ILO အထွေထွေညီလာခံသို့ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ အကြမ်းဖက်အဖျက်သမား တရားခံပြေး ပြည်သစ်ညွန့်ဝေကို ILOအစည်းအဝေးများသို့ ယခုလိုတက်ရောက်ခွင့် ပြုနေခြင်းသည် ILO အနေဖြင့် မိမိ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသည့် အမိန့်ကို မိမိ ကိုယ်တိုင် ချိုးဖောက်နေခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် မိမိနိုင်ငံ၏ ကန့်သတ်ချက် အခက်အခဲများကို ကိုလိုနီလက်သစ် ဝါဒီနိုင်ငံအချို့နှင့် ၎င်းတို့လက်ပါးစေ ပြည်ပြေးအဖျက်သမားများပေးနေသည့် ဘေးဒုက္ခ အသွယ်သွယ်ကြားမှ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုးကြိုးစားကာ မိမိပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းနေရသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထိုအထဲမှပင် အဓမ္မစေခိုင်းမှုများ ပပျောက်ရေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျိုးကိုမဆို ဥပေက္ခာပြုခြင်းမရှိဘဲ စိတ်ကောင်း စေတနာမှန်ထားရှိပြီး ILO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို မိမိတို့အားလုံးအသိပင်ဖြစ်ပါကြောင်း။

ကျင်းပပြီးစီးသွားသည့် ILO ညီလာခံတွင် အကြမ်းဖက်အဖျက်သမား ပြည်ပြေးမောင်မောင်က မြန်မာနိုင်ငံ၌ စပါးရိတ်သိမ်းပွဲများနှင့် လမ်းဖောက်လုပ်မှုများတွင် လူ ၂၀၀၀ ကျော်၊ ၃၀၀၀ကို အဓမ္မလုပ်အားပေး စေခိုင်းခဲ့သည်ဟု တင်ပြတိုင်ကြားခဲ့သေးကြောင်း၊ ယင်းတိုင်ကြားချက်ကို ကြည့်လျှင် ပြည်ပကို ဝရမ်းပြေးအဖြစ် ရောက်ရှိနေသည့် မောင်မောင်တစ်ယောက် မြန်မာ့ရိုးရာဓလေ့ စရိုက်များကို မေ့ပျောက်ပြီး အရူးစိတ်ပေါက်သွားပြီဟု ဆိုရမည်ဖြစ်ကြောင်း။

မိမိတို့ မြန်မာတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသူများ ဖြစ်ပါကြောင်း၊ ရပ်ကျိုးရွာကျိုးကို မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းနှိုးဆော် ချက်မပါဘဲ ပင်ကိုဗီဇအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းကူညီလေ့ရှိကြပါကြောင်း၊ မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းလုပ်ဆောင်လေ့ရှိကြပြီး မြန်မာအမျိုးသမီးများကလည်း မောင်တစ်ထမ်း၊ မယ် တစ်ရွက် ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထိုသို့ မသိနားမလည်သူများ၏ ရှေ့မှောက်တွင် မိမိတို့ မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မျက်ကွယ်ပြုပြီး ပြည်ပြေးမောင်မောင် တစ်ယောက် နားလှည့်ပါးရိုက်ခလောက်ဆန်နေခြင်းသည် ကျေးဇူးရှင်အမိမြေကို ကျေးစွတ်ခြင်းဖြစ်၍ မိမိတို့ မြန်မာအမျိုးသမီးများက ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်ကို ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။

ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်၏ ခလောက်ဆန်မှုကြောင့် စီးပွားရေးပိတ်ပင်မှု၏ နောက်ဆက်တွဲ ဖြစ်ရပ်အဖြစ်စက်ရုံတွေပိတ်လိုက်ရ၍ အလုပ်လက်မဲ့ဖြစ်နေသူများ၊ အလုပ်သမား အင်အားအလျှော့ခံရသူများ စုစုပေါင်း ရှစ်သောင်းကျော်ရှိပြီး မိမိတို့ အမျိုးသမီးအလုပ်သမ အင်အားခုနစ်သောင်းကျော် ပါဝင်ကြောင်း၊ ၎င်းအလုပ်သမများကို မှီခိုနေရသည့် မိသားစုဝင်ပေါင်း လေးသိန်းကျော်၏ အခက်အခဲများ၊ လူမှုဒုက္ခ ဆင်းရဲမွဲတေမှုများ၊ လူကုန်ကူးမှု၏ သားကောင်ဖြစ်သွားရခြင်းများ၊ မိဘအလုပ်လက်မဲ့ဖြစ်၍ ကျောင်းထွက်ခဲ့ရသူ ကလေးသူငယ်များအပါအဝင် များစွာဆုံးရှုံးနစ်နာခဲ့ရပါကြောင်း။

ယခုလို မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝ အဘက်ဘက်က ထိခိုက်နစ်နာဆုံးရှုံးအောင် ပြည်ပအားကိုးလုပ်ဆောင်နေသည့် အကြမ်းဖက်အဖျက်သမား ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်ဦးစီးသည့်အဖွဲ့၏ အဖျက်လုပ်ရပ်တွေကို မိမိတို့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက လုံးဝသည်းမခံနိုင်တော့ပါကြောင်း၊ လက်ပိုက်ကြည့်နေ၍လည်း မရတော့ပါကြောင်း။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် ဒုက္ခပေးနေရုံမျှမက မြန်မာအမျိုးသမီးများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို နိမ့်ကျလျော့ပါးအောင် တစ်ဖက်သတ်ပြုလုပ်နေသည့် ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့(FTUB) နှင့် အခြားဆက်စပ် ပတ်သက်နေသော အကြမ်းဖက် အဖျက်သမားအဖွဲ့များကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာအမျိုးသမီးထုကြီးကိုယ်စား တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသော စစ်ကိုင်းတိုင်းအတွင်းရှိ ထူးချွန်အမျိုးသမီးများအား တာဝန်ရှိသူ များက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို နံနက် ၁၀ နာရီတွင် ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လုပ်အားဒါနပြုခြင်းကို အဓမ္မအလုပ်ခိုင်းစေမှုဟု စွပ်စွဲ မြန်မာပြည်သူတို့၏ စိတ်ကောင်းစေတနာကို စော်ကားရာရောက်

❀ စာမျက်နှာ ၇ မှ

ဤကဲ့သို့ မဟုတ်မမှန်စွပ်စွဲမှုများဖြင့် မြန်မာတိုင်းရင်းသားများ သိက္ခာကျအောင် လုပ်ကြံပြောဆိုသည့် အနောက်အုပ်စုနှင့် မုသာဝါဒမီဒီယာများ၊ ပြည်ပြေး အဖျက်သမားအဖွဲ့များ၏ လုပ်ရပ်ကို ကန့်ကွက်ရှုတ်ချကြောင်းဖြင့် မြန်မာအမျိုးသမီးများ ကိုယ်စား ပြောကြားလိုက်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နေကြောင်း၊ မိမိတို့၏ မွန်ပြည်နယ်၌ ၎င်းတို့စွပ်စွဲသကဲ့သို့ အမျိုးသမီးများကို အဓမ္မပြုကျင့်သည့်ဖြစ်ရပ်များ တစ်ခုမျှမရှိကြောင်း၊ ဘာသာရေး ကိုင်းရှိုင်းပြီး မိဘမောင်နှမများနှင့် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေထိုင်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကာကွယ်စောင့်ရှောက်မြှင့်တင်နေသည့်အချိန်တွင် သံခဲဦးစီးသည့် ABSDFအဖွဲ့သည် လက်နက်ကိုင် လမ်းစဉ်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကိုလုပ်ဆောင်ပြီး ကျောင်းသူ၊ ကျောင်းသားများကို သွေးဆောင် ဖြားယောင်း ဖျက်ဆီးခဲ့ကြောင်း၊ အရေးအခင်းကာလတုန်းကဆိုလျှင် မွန်ပြည်နယ်ကိုဖြတ်ပြီး တစ်ဖက်နိုင်ငံကို စည်းရုံးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် အမျိုးကောင်းသမီးများ ဖြစ်သည့် တက္ကသိုလ်ကျောင်းသူများ အပါအဝင် မြန်မာအမျိုးသမီးငယ်များဘဝ ရေတိမ်နစ်ခဲ့ရကြောင်း၊ အမျိုးသမီးငယ်များ၏ မိဘမောင်ဖွားများသည် ကြေကွဲဝမ်းနည်းပူဆွေးသောကရောက်ခဲ့ရကြောင်း၊ ဤဖြစ်ရပ်သည် ABSDFအကြမ်းဖက် အဖွဲ့၏ လုပ်ရပ်ကြောင့် ဖြစ်ပေါ်ခဲ့သည့်ဆိုးကျိုးများပင်ဖြစ်ကြောင်း။

ABSDF အကြမ်းဖက်အဖွဲ့သည် အမည်ခံ မျက်နှာဖုံးတပ်ထားပြီး ၎င်းတို့၏ ကိုယ်ကျိုးအတွက် အမြတ်ထုတ်နေကြသည့်အဖွဲ့ပင်ဖြစ်ကြောင်း၊ သူတို့အချင်းချင်းလည်း အဝေမတည့်ဘဲ ကွဲပြားခဲ့ကြကြောင်း၊ အစကတည်းက မကောင်းလာခဲ့သည့် ABSDFသည် ယခုလည်း ပြည်ပ ပယောဂနှင့် အနောက်နိုင်ငံကြီး အဖွဲ့၏ လက်ဝေခံပြည်တွင်းသစ္စာဖောက်များအဖြစ်ရပ်တည်းပြီး အဖျက်လုပ်ငန်းများကို လက်ရဲဇက်ရဲကျူးလွန်ကာ အပြစ်မဲ့သည့် ပြည်သူများသေကျေဒဏ်ရာရအောင် ဗုံးဖောက်ခွဲခဲ့သည်များကိုလည်း တွေ့ရကြောင်း၊ အေးချမ်းစွာပညာသင်ကြားမှုပျက်ပြားအောင်၊ လမ်းမှားပြီး အမှောင်ထဲရောက်အောင် ဖြားယောင်းသိမ်းသွင်းနေသည်ကို ဆက်လက်တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် အမျိုးသားသစ္စာဖောက် ပြည်ပအားကိုးပုဆိန်ရိုး ABSDF အကြမ်းဖက်အဖွဲ့တို့အား နိုင်ငံတော်က မတရားအသင်းအဖြစ်ကြေညာပေးပါရန် တင်ပြလိုက်ရပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေး တာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တည်ဆောက်ရာ၌ မိမိတို့ မြန်မာအမျိုးသမီး အဖွဲ့ချုပ်က တစ်တပ်တစ်အား အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက် သွားမှာဖြစ်ကြောင်း မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ကတိပြုရင်းနိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းစန်းဝင်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အမျိုးသမီးများဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အတွက်ပေါ်ပေါက်လာသည့် အမျိုးသမီးများ၏ဘဝရှေ့ဆောင် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

ယဉ်ကျေးသိမ်မွေ့သည့် မြန်မာအမျိုးသမီးများသည် အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးမှုကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ရှေးကတည်းက အစဉ်အမြဲ နည်းလမ်းရှာပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလတွင် အင်အားကြီးနိုင်ငံအချို့က ၎င်းတို့အလိုကျ ကြိုးဆွဲ၍မရနိုင်သည့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးမှု အခြေအမြစ်မရှိသည့် စွပ်စွဲချက်အမျိုးမျိုးတို့ကိုထုတ်ပြန်ပြီး ပိတ်ပင်တားဆီးမှုများ လုပ်လာခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၀၃ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပြီး မဟုတ်မမှန်စွပ်စွဲသောလုပ်ရပ်များကို ဖြစ်ရပ်မှန်များဖြင့် တုံ့ပြန်ချေဖျက်ခဲ့ကြောင်း။

အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ်ဆိုသည့် အဖွဲ့ကလည်း မြန်မာနိုင်ငံ၌ အဓမ္မအလုပ်စေခိုင်းမှု (Forced Labour) တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည်ဆိုပြီး စွပ်စွဲခဲ့သလို အနောက်နိုင်ငံအစိုးရ အချို့နှင့် Human Right Watch, Amnesty International အဖွဲ့တို့ကလည်း မြန်မာနိုင်ငံ အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု မျိုးစုံစွပ်စွဲခဲ့ကြကြောင်း။

မြန်မာတိုင်းရင်းသားများသည် ရိုးပင်းကူညီသည့်စိတ်ဓာတ်၊ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်သည့် စိတ်ဓာတ်များကို ငယ်စဉ်ကတည်းက အလေ့အကျင့်ရှိလာခဲ့သည့် လူမျိုးများဖြစ်ကြောင်း၊ ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းဖောက် တံတားဆောက်ရာ၌လည်း လုပ်အားပေးကြသည်ကို မွန်မြတ်သော လုပ်အားဒါန အနေဖြင့် ခံယူထားခဲ့ကြကြောင်း၊ သို့ရာတွင် မြန်မာတို့ အမွန်အမြတ်ထားသည့် လုပ်အားဒါန၏ တန်ဖိုးကို နားမလည်သူများသည် လုပ်အားဒါနပြုခြင်းကိုပင် အဓမ္မအလုပ်ခိုင်းစေမှုဆိုပြီး မှားယွင်းရောထွေးစွပ်စွဲခဲ့သည့်အတွက် မြန်မာပြည်သူတို့၏ အပြုသဘောဆောင်သော စိတ်ကောင်းစေတနာကို စော်ကားရာရောက်ကြောင်း။

အပြည်ပြည်ဆိုင်ရာလွတ်လပ်သော အလုပ်သမားအဖွဲ့ချုပ်က မြန်မာနိုင်ငံသည် ILOကွန်ဗင်းရှင်းအမှတ် (၂၉)ပါ အဓမ္မအလုပ်ခိုင်းစေမှု တားမြစ်ရေးအတွက် ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု တိုင်ကြားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက အဓမ္မစေခိုင်းမှုမရှိစေရန်နှင့် နိုင်ငံတော်အတွင်း တိုးတက်ပြောင်းလဲလာသည့် အခြေအနေနှင့် ကိုက်ညီမှုမရှိသည့် ကိုလိုနီခေတ် ကျေးလက်ဥပဒေ (၁၉၀၇)နှင့် မြို့များအက်ဥပဒေ (၁၉၀၇)ပြဋ္ဌာန်းချက်အချို့ကို ကျင့်သုံးခြင်း မပြုရန် ၁၉၉၉ ခုနှစ်၌ အမိန့်အမှတ် (၁/၉၉)နှင့် အမိန့်အမှတ် (၁/၉၉)ကို ဖြည့်စွက်သည့်အမိန့်များ ထုတ်ပြန်ပြီး လိုက်နာရန်ပျက်ကွက်သူများအားလည်း အရေးယူ အပြစ်ပေးလျက်ရှိကြောင်း၊ ယင်းအမိန့်ကို တိုင်းရင်းသားပြည်သူများအားလုံး သိရှိနိုင်ရန်အတွက် မြန်မာဘာသာ၊ တိုင်းရင်းသား ဘာသာစကားများနှင့် ဖြန့်ဝေခဲ့သည့်အပြင် အင်္ဂလိပ်ဘာသာစကားဖြင့်လည်း ဖြန့်ဝေခဲ့ကြောင်း။

ယင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေး မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်ကို မျက်ကွယ်ပြုပြီး မြန်မာတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ စိတ်တူကိုယ်တူ မိမိဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်သည့် လုပ်ဆောင်ချက်များကို အဓမ္မလုပ်အားပေးခိုင်းစေမှုဟု အမည်တပ်၍ ILO က နိုင်ငံရေးအကြောင်းခံဖြင့်စွပ်စွဲပြောဆိုပြီး ပိတ်ပင်လျက်ရှိကြောင်း။

ဤကဲ့သို့သောအချိန်တွင် အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံ၌ ၎င်းတို့ဩဇာကိုနာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် တပ်မတော်အစိုးရကို ဖိအားပေးအကျပ်ကိုင်နိုင်အောင် နည်းမျိုးစုံဖြင့် လုပ်ကြံလျက်ရှိကြောင်း၊ ILO စင်မြင့်ကိုလည်း အလုပ်သမားကိစ္စများအတွက်သာမက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သည့် နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချခဲ့ကြောင်း၊ ယင်းသို့လုပ်ဆောင်နိုင်ရန်အတွက် ပြည်ပအားကိုးပုဆိန်ရိုးအဖြစ် ၎င်းတို့သပ်လျှို အသုံးချခဲ့သူမှာ မြန်မာအလုပ်သမားသမဂ္ဂအမည်ခံ FTUB၏ ခေါင်းဆောင်ဆိုသူ ပြည်သစ်ညွှန့်ဝေ(ခေါ်)မောင်မောင် ပင်ဖြစ်ကြောင်း။

ပြည်သစ်ညွှန့်ဝေသည် NLDဗဟိုအလုပ်အမှုဆောင် ဦးညွှန့်ဝေ၏ သားဖြစ်ပြီး စည်းကမ်းဖောက်ဖျက်၍ အရေးယူခံရတော့မည့်အချိန်တွင် တစ်ဖက်နိုင်ငံကို ဝရမ်းပြေးအဖြစ် တိမ်းရှောင်ရင်း အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားတစ်ဦးဖြစ်ကြောင်း။

ပြည်သစ်ညွှန့်ဝေသည် ၎င်း၏အကျင့်စာရိတ္တပျက်ယွင်းမှုကို ဖုံးကွယ်ထားပြီး နိုင်ငံတော်အစိုးရကို ပြည်တွင်းပြည်ပနှစ်ဖက်ညှပ်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အနောက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အလုပ်သမားမျက်နှာစာမှ ထိုးနှက်တိုက်ခိုက်ရန်အတွက် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUBကို ဖွဲ့စည်းဆောင်ရွက်ခဲ့သူဖြစ်ကြောင်း။

ယခုကဲ့သို့ မဟုတ်မမှန်လုပ်နေသည့် ပြည်သစ်ညွှန့်ဝေက FTUB ဆိုသည့် ဆိုင်းဘုတ်ကို အကာအကွယ်ယူပြီး မဟုတ်မဟတ် လုပ်ဇာတ်ခင်းထားသည့် တိုင်ကြားချက်များကို ILO က တစ်ဖက်သတ်နားဝင်နေခြင်းဖြစ်ကြောင်း။

ပြည်သစ်ညွှန့်ဝေသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များပြုလုပ်ရန်အတွက် ငွေကြေးထောက်ပံ့ကူညီခြင်း၊ ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေး ပစ္စည်းများကို အကြိမ်ကြိမ်စေလွှတ်ပို့ပေးခြင်းဖြင့် အကြမ်းဖက်ကျူးလွန်နေသူ ဖြစ်သည်ကို နိုင်ငံတော်အစိုးရက သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် တင်ပြထားသော်လည်း ILO သည် ကျား-ကျားမီးယပ်ဆိုသည့် သဘောဖြင့် ၂၀၀၅ခုနှစ် မေလ ၃၁ရက်နေ့က ဂျီနီဗာ၌ကျင်းပသည့် ILO ညီလာခံတွင် အကြမ်းဖက်သမား ပြည်သစ်ညွှန့်ဝေကို မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB အနေဖြင့် တရားဝင်တက်ရောက်ခွင့် မရှိသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ် ICFTU ကိုယ်စားလှယ်အဖြစ် လှည့်စားတက်ရောက်စေခဲ့ပြီး စကားပြောခွင့်ပေးခဲ့ခြင်းသည် အကြမ်းဖက် အဖျက်သမားအုပ်စုဘက်မှ လုံးဝဘက်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ILOဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ILO အထွေထွေညီလာခံသို့ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ရာတွင် တရားခံပြေး ပြည်သစ်ညွှန့်ဝေကို ILOအစည်းအဝေးများသို့ ယခုကဲ့သို့ တက်ရောက်ခွင့်ပြုနေခြင်းသည် ILO အနေဖြင့် မိမိ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသည့် အမိန့်ကို မိမိကိုယ်တိုင် ချိုးဖောက်နေခြင်းပင်ဖြစ်သည်ဟု ပြောရမှာဖြစ်ကြောင်း။

ပြီးခဲ့သည့် ILO ညီလာခံ၌ ပြည်သစ်ညွှန့်ဝေက မြန်မာနိုင်ငံတွင် စပါးရိတ်သိမ်းပွဲများနှင့် လမ်းဖောက်မှုများ၌ လူနှစ်ထောင်ကျော် သုံးထောင်ကို အဓမ္မလုပ်အားပေးစေခိုင်းခဲ့သည်ဟု တင်ပြတိုင်ကြားခဲ့သေးကြောင်း၊ ဤတိုင်ကြားချက်ကိုကြည့်လျှင် ဝရမ်းပြေးဘဝရောက်နေသည့် ပြည်သစ်ညွှန့်ဝေသည် မြန်မာ့ရိုးရာဓလေ့စရိုက်များကိုမေ့ကာ မြန်မာစိတ်ပျောက်ပြီး အနောက်တိုင်းစိတ်ပေါက်သွားပြီဟု ပြောရမှာပင်ဖြစ်ကြောင်း။

ပြည်သစ်ညွှန့်ဝေ၏ ခလောက်ဆန်မှုများကြောင့် အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခဲ့သည့်အတွက် ရန်ကုန်တိုင်းအတွင်းရှိ အထည်ချုပ်စက်ရုံ ၁၆၀ခန့်ပိတ်ပစ်ခဲ့ရပြီးအခြားစက်ရုံ၄၀ခန့်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရကြောင်း။

ယင်းစက်ရုံအလုပ်ရုံများ၌ အလုပ်လုပ်ပြီး ဝမ်းစာရှာဖွေနေကြရသည့် အလုပ်သမားပေါင်း ရှစ်သောင်းကျော်အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ဤအထဲတွင် အမျိုးသမီးအလုပ်သမ ခုနစ်သောင်းကျော်ပါဝင်ခဲ့သည့်အတွက် ၎င်းတို့ကိုမှီခိုနေရသည့်မိသားစုဝင်ပေါင်း လေးသိန်းကျော်၏ စားဝတ်နေရေးနှင့်လူမှုရေးဘဝ အထွေထွေကို ထိခိုက်နစ်နာစေခဲ့ကြောင်း၊ အလုပ်လုပ်ရင်း ပညာသင်နေကြရသည့် အမျိုးသမီးငယ်တချို့ ပညာတစ်ပိုင်းတစ်စ၊ အလုပ်လက်မဲ့ဘဝဖြင့် အတိဒုက္ခရောက်ခဲ့ကြရကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အမျိုးသမီးငယ်အချို့သည် မိသားစုစားဝတ်နေရေးပြေလည်ရေးအတွက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် ဖြေရှင်းရပ်တည်ခဲ့ရသဖြင့် ယင်းအခက်အခဲကို အမြတ်ထုတ်လိုသူတို့၏ ဖြားယောင်းသိမ်းသွင်းမှုကြောင့် လူကုန်ကူးမှု၏ သားကောင်ဘဝ ကျရောက်ခဲ့ကြောင်း၊ ကလေးသူငယ်အချို့ဆိုလျှင် မိဘများအလုပ်လက်မဲ့ ဖြစ်ခဲ့ရ၍ ကျောင်းမတက်နိုင်တော့ဘဲ ကျောင်းထွက်ခဲ့ရသည်အထိ လူမှုရေးအခွင့်အရေးများဆုံးရှုံး နစ်နာခဲ့ရကြောင်း။

ယင်းကဲ့သို့ မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားရေးဘဝအဘက်ဘက်မှ ထိခိုက် နစ်နာဆုံးရှုံးအောင် ပြည်ပအားကိုးဖြင့် လုပ်ဆောင်နေသည့် အကြမ်းဖက် အဖျက်သမား ပြည်သစ်ညွှန့်ဝေဦးစီးသည့် FTUB အကြမ်းဖက်အဖျက်သမား အဖွဲ့၏ အဖျက်လုပ်ရပ်များကို မိမိတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက လုံးဝသည်းမခံနိုင်တော့ကြောင်း၊ လက်ပိုက်ကြည့်နေ၍လည်း မဖြစ်တော့ဘူးဟု ပြောကြားလိုကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် ဒုက္ခပေးနေရုံသာမက မြန်မာအမျိုးသမီးများ၏ လူမှုရေး၊ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုနိမ့်ကျလျော့ပါးအောင် တစ်ဖက်သတ်ပြုလုပ်နေသော ပြည်သစ်ညွှန့်ဝေဦးစီးသည့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ (FTUB) နှင့် အခြားဆက်စပ်ပတ်သက်နေသော အကြမ်းဖက်အဖျက်သမားအဖွဲ့များကို နိုင်ငံတော်အစိုးရအနေဖြင့် မတရားအသင်းကြေညာပေးပါရန် ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ကိုယ်စားတင်ပြလိုက်ရပါကြောင်း။

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏အရေးကို မိမိတို့ကိုယ်တိုင် မြော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်နိုင်ငံတော်ကြီးကို ဖန်တီးဖော်ဆောင်နေသည့် ကာလဖြစ်ကြောင်း၊ ဤအချိန်တွင် အင်အားကြီးနိုင်ငံအချို့က မလိုမုန်းထားသည့် စိတ်ဓာတ်ဖြင့် လူ့အခွင့်အရေးများချိုးဖောက်နေသယောင်၊ မူးယစ်ဆေး ဝါးထုတ်လုပ်နေသယောင်၊ ကလေးသူငယ်များအား စစ်မှုထမ်းခိုင်းနေသယောင်၊ တစ်ခုပြီး တစ်ခုမဟုတ်မမှန် စွပ်စွဲပြောဆိုနေကြကြောင်း၊ ဤသည်ကို မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံပါကြောင်း။

ကလေးသူငယ်များနှင့်ပတ်သက်၍ ၁၉၉၃ခုနှစ်တွင် ပြဋ္ဌာန်းသည့် ကလေးသူငယ် ဥပဒေနှင့် ၂၀၀၁ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်ဥပဒေများအရ ကလေး သူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးနေကြောင်း။

ထို့အပြင် အရွယ်မရောက်သူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပြီး အရွယ်မရောက်သူ ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်းခြင်းမှ ကာကွယ်တားဆီးရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဤကဲ့သို့ ကလေးသူငယ်များကို အဘက်ဘက်မှ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဥပဒေဖြင့်ကာကွယ်ပေးခြင်း၊ မိသားစုကဲ့သို့ နွေးထွေးသောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးခြင်းသည် ကလေးသူငယ်များ၏ အခွင့်အရေးကို ဖော်ဆောင်ပေးနေခြင်း ဖြစ်သည်ဆိုသည်ကို ပြောဆိုလိုကြောင်း။

မြန်မာလူမျိုးတို့၏ ကောင်းမြတ်သော အစဉ်အလာအရ ဖြူစင်သန့်ရှင်းသည့် စိတ်နေသဘောထား၊ လူသားအချင်းချင်း အပြန်အလှန်လေးစားမှု၊ တန်ဖိုးထားမှုများကြောင့် မြန်မာအမျိုးသမီးများသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် တန်းတူရည်တူ အခွင့်အရေးများ ရှေးကတည်းကရရှိထားပြီးဖြစ်ကြောင်း။

မြန်မာတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဘာသာရေး အဆုံးအမများအရ မိဘများသည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ပြီး မိခင်သည် ဖခင်နှင့်အတူ တန်းတူရည်တူအခွင့်အရေးရရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် မိသားစုရေးရာ ကိစ္စအဝဝများ၌ "မောင်တစ်ထမ်း၊ မယ်တစ်ရွက်"၊ "ဦးထမ်းပဲ့ထမ်း"ဆိုသည့် စကားနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ကိုလည်း ရရှိထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာအမျိုးသမီးများသည် အခြား အနောက်နိုင်ငံများမှ အမျိုးသမီးများကဲ့သို့ တိုက်ပွဲဝင်မှ အခွင့်အရေးရရှိခြင်းမဟုတ်ဘဲ ရှေးသမိုင်းစဉ်ဆက် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ အခွင့်အရေးများ ရရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာအမျိုးသမီးတို့၏ သမိုင်းအစဉ်အလာကြီးမားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းပြီး မြန်မာအမျိုးသမီးတို့၏ လူနေမှုဘဝကို အစဉ်အမြဲကာကွယ်စောင့်ရှောက်မြှင့်တင်နေမည်သာဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသားရေး အကျိုးစီးပွားကို လုံးဝလျစ်လျူရှုပြီး လူတစ်စု၊ လူတစ်ဖွဲ့၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားကိုသာ ကိုယ်စားပြုနေသည့် ပြည်ပဖိအားပေးမှုမှန်သမျှကို ကန့်ကွက်ရှုတ်ချရင်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊ မြန်မာအမျိုးသမီးများ၏ အကျိုးစီးပွားကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကာကွယ်စောင့်ရှောက်တည်ဆောက်မြှင့်တင်သွားမည်ဟု ဆန္ဒပြုတင်ပြအပ်ပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်သီတာမော်၊ ပါမောက္ခ ဒေါ်ခင်သန်းနွယ်၊ ဒေါက်တာတင်တင်လှိုင်နှင့် ဒေါ်ရီရီစိန်တို့က မွန်ပြည်နယ်မှ ထူးချွန်ဆုရ အမျိုးသမီးများအား ဆုများအသီးသီးချီးမြှင့်ကြသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ပြီး နံနက် ၉နာရီတွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မအူကုန်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

တာမွေမြို့နယ် မအူကုန်းရပ်ကွက် အမှတ်(၄၃)၊ ၁၃၈လမ်း မအူကုန်း ရပ်ကွက်ဓမ္မာရုံ စောင့်ရှောက်ရေးအသင်း၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် နံနက် ၉နာရီတွင် အဆိုပါဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ ၁၀ပါးတို့အား အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန်စီစဉ်ထားကြောင်းသိရသည်။ (က-ပ)

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

အမှတ်(၇၀)သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့ ရွှေမင်းဝံသာသနာ့ရိပ်သာ၏(၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီ၌ အဆိုပါရိပ်သာ မဟာဓမ္မဗိမာန်တော် အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ် ဇူလိုင်လအတွက်
(၁၀-၇-၂၀၀၅)ရက်
နှင့်
(၃၁-၇-၂၀၀၅)ရက်နေ့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများ အားထားယုံကြည်ရာ နေရာဖြစ် ဆန့်ကျင်ဘက်အဖွဲ့အစည်းအချို့က မြန်မာအမျိုးသမီးများ အကျိုးစီးပွား ဆုတ်ယုတ်စေရန်လုပ်နေ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် လက်ပါးစေတစ်စု၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

ရန်ကုန် ဇူလိုင် ၆

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✧

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားကို ကြွရောက်သည်များဖြင့် ရပ်သိမ်းစဉ်။ (သတင်းစဉ်)

အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေး ပိတ်ဆို့မှုများသည် သတင်းမှားများပေါ်အခြေခံ မတရားပိတ်ပင်တားဆီးမှုကြောင့် မြန်မာအမျိုးသမီးများ၏ ဘဝရပ်တည်မှု ထိခိုက် ယင်းပိတ်ပင်တားဆီးမှုများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများပင်ဖြစ်

ရန်ကုန် ဇူလိုင် ၆

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း အတွင်းမှ ထူးချွန်ဆုရအမျိုးသမီးများ စုစုပေါင်း အင်အား ၁၂၈၀ ကျော် တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မုံရွာမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ အမျိုးသား ညီလာခံကိုယ်စားလှယ် ဒေါက်တာဒေါ်ဝင်းဝင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းနှင့် မုံရွာခရိုင် စာရင်းစစ်အရာရှိ ဒေါ်ခင်ပြုံးရည်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကျော့ယဉ်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နှင်းနှင်းခိုင်တို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

ကျင်းပ

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)